ပြန်လည်ကြွလာခြင်း သတင်းကောင်း

January
February

HERALD OF HIS COMING

ဝိညာဉ်တော်သည်နှင့် သတို့သမီးကလာပါဟု ပြောဆိုကြ၏ (ဗျာ ၂၂း၁၇)

သန့်ရှင်းသော ဝိညာဉ်တော်နှင့် ခရစ်တော်ပြန်လာမည့်အချိန်

(The Holy Spirit And Christ's Return)

By A.B.Simpson

သူပြန်လာမည့်အချိန်အတွက် ဆုတောင်းဖို ရှုန် သခင်ဘုရားပြန်လာမည့် အချိန်ကိုဖွင့်ပြသည့် နောက် ဆုံးသောပျက်စီးမှုထဲတွင် သန့်ရှင်းသော ဝိညာဉ်တော် ၏ နောက်ဆုံးစကားသည်အထူးပင်ထင်ရှားသော အရာ တစ်ခုဖြစ်ပါသည်။ ခရစ်တော်အထက်သို့တက်ကြွ သွား ပြီးအချိန်မှစ၍သူပြန်လာမည့်အချိန်အတွက် ပြင်ဆင် ခြင်းသည်သန့်ရှင်းသောဝိညာဉ်တော်၏ ကြီးမားသော လုပ်ငန်းစဉ် တစ်ခုပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့ထံမှ ခွာသွားသောသခင်ဘုရား၏ နောက် ဆုံးမိန့်မှာချက်နှစ်ခုကိုတမန်တော် (၁:၁၀)တွင် မှတ် တမ်းတင်ထားပါသည်။ ထိုမိန့်မှာချက်မှာသန့်ရှင်းသော ဝိညာဉ်တော်နှင့်သူ၏ ဒုတိယအကြိမ်ပြန်လာမည့် ဂတိ ပေးချက်ပင်ဖြစ်ပါသည်။ ဤ ဂတိပြုချက်နှင့် ခရစ်ယာန် အချိန်ကာလတစ်ခုလုံးအကြား၌ အဓိကအချက်မှာ အဆုံး၌ပြည့်စုံမည့်အရေးပင်ဖြစ်ပါသည်။

သန့်ရှင်းသော ဝိညာဉ်တော်နှင့် ကြို့တင်မိန့်မှာချက်

ခရစ်တော်ဒုတိယအကြိမ် ပြန်လာမည့်ကြို့တင် မိန့် မှာချက်ကို သန့်ရှင်းသော ဝိညာဉ်တော်က ကျွန်ုပ်တို့ အပေါ်အသိပေးခဲ့ပါသည်။ ဤ ကောင်ကြီး မင်္ဂလာ သတိပေးချက်က အစောပိုင်းအသင်းတော်၏ ဝမ်းနည်း မှုများအတွက် နှစ်သိမ့်ပေးခြင်းနှင့် အသင်းသူ အသင်း သားများ၏ စိတ်နှလုံးကို နှစ်သိမ့်ပေးခဲ့သော ပုဂ္ဂိုလ် ပင်ဖြစ်ပါသည်။ထို့အပြင်ယေရှု ဆလင်ဒ်၌တမန်တော် များ၏ အတိုင်ပင်ခံကောင်စီကို ဖွဲ့စည်းကာတိကျသော ခရစ်ယာန်ကာလ၏စီမံချက်များကိုစတင်ရေးဆွဲ ပေး သောသူဖြစ်ပါသည်။ ရှင်ပေါလုလုပ်အပေါ်အယူဝါဒ များအားဖွင့်ပြပြီးသက်သာလောနိရောနှင့်ကောရိန္သု အသင်းတော်များသို့အရေးပါသော ပေးစာများဖြင့် သတင်းစကားများကိုထင်ရှား စေခဲ့ပါသည်။

ယခု နောက်ဆုံးသော တမန်တော်များထံသို့ သခင် ဘုရားပြန်လာမည့်စစ်မှန်သောသမ္မာတရားကိုယခင်က ကဲ့သို့ပင်ထင်ရှားစွာဖော်ပြပြန်ပါသည်။သခင်ယေရှုအမြ နဲ်ပြန်လာပါဟုလည်းနောက်ဆုံးဆုတောင်းချက်တစ်ခုကို ဖော်ပြခဲ့ပါသည်။သန့်ရှင်းသောဝိညာဉ်တော် ကသေချာ

သောသက်သေသာဓက တစ်ခုဖြစ်ပြီးစီမံ လုပ်ဆောင်ပေးသောသူဖြစ်ပါသည်။ သန့်ရှင်း သောဝိညာဉ်တော်သည်ကျမ်းချက်၌ဖော်ပြပေးထား သောအချက်များကို မီးမောင်းထိုးပြကာအနက်ကိုလည်းပြန်ဆိုပေးသောပုဂ္ဂိုလ်ဖြစ်ပါသည်။

နူတ်ကပတ်တော်ဖော်ပြချက်များကိုကျွန်ုပ်တို့နားမလည်ပါကဖွင့်ပြနိုင်မည့်သူတစ်ဦးက ကျွန်ုပ်တို့အတွက် လိုအပ်သောအရာဖြစ်ပါသည်။ ဒံယေလကရူပါရုံ ဖွင့်ပြချက်များကိုပြောဆိုခဲ့ပါသည်။ သို့သော် ခပ်ရေးရေးပင်ဤအရာများကိုသဘောပေါက်ခဲ့ပါသည်။ ရှင်သန်သောဝိညာဉ်တာကအဆုံးသတ် ချိန် ရောက်သည့်အထိတိုင် အောင်တံဆိပ်ခပ်ထားဖို့ရန်ပြောဆိုခဲ့ပါသည်။သို့သော်အဆုံးသတ်ချိန်ကနီးကပ်ပြီး ဖြစ်ကြောင်းကိုအသိတရားနှင့်ချိုင့်ချိန်ကာယနေ့ဖြစ် ပျက်သည့်အရာများအားဖြင့်သဘောပေါက်ကြဖို့ရန် ပြောဆိုပါသည်။

အထိုးသတိပြုရမည့်အချက်မှာကျွန်ုပ်တို့က ပြည့်စုံဖို့ရန်အတွက် လျှို့ဝှက်သောအချိန်ကာလဖြစ်သည့်နောက်ဆုံးသောအချိန်ကာလထဲတွင်ရှိနေကြသည့် အချက်ပင်ဖြစ်သည်။ ဖော်ပြချက်များကိုအနက်ပြန်ပေးသော သန့်ရှင်းသောဝိညာဉ်တော်၏အံ့သြဖွယ်ရာအလင်းတရားက ဖွင့်ပြသည့်အချိန် ကာလထဲတွင် ကျွန်ုပ်တို့ကရှိနေကြပါသည်။များယွင်းမှုရှိသည့် အချက်က ပြောစရာမလိုပါ လုပ်ဆောင်ဖို့ရန်ဖုံးဖိထား သော အရာများမှာက ကျန်ရစ်နေဆဲပင်ဖြစ်သည်။ သို့သော် အနာဂတ်၏ သတ်မှတ်ချက်များက ရှင်းလင်း သောစီမံချက်များဖြစ်ပြီး ခရစ်တော်ကတော့သူ၏ သခင်ပြန် လာမည်အရေးအတွက် အဆင့်ဆင့်ဖြင့် သူမ၏ ကိုးစားမှုက စစ်မှန်ခြင်းနှင့်ပြည့်စုံစွာလုပ်ဆောင် နိုင်ဖို့ ပင်ဖြစ်သည်။

နှိုးကြားသောစိတ်နှင့် မျှော်လင့်ခြင်း

သန့်ရှင်းသောဝိညာဉ်တော်ကသူတပည့်များ၏နှလုံးသားထဲတွင်နှိုးကြားသောဆန္ဒဖြင့်ခရစ်တော်ပြန်လာမည့်အချိန်ကိုမျှော်လင့်ဖို့ရန်ပြင်ဆင်ပေးပါသည်။ ခရစ်တော်ပထမအကြိမ်ကြွမြန်းလာသည့်အချိန်ကသူ၏ သစ္စာရှိသော လူမျိုးကရွေးနှုတ်ကယ်ခြင်းအတွက် စောင့်စားခဲ့ကြပါသည်။ကျသရေလလူမျိုးများကိုနှစ်သိမ့်ဖို့ရန်ကို တင့်တယ်လျှောက် ပတ်သောအချိန် အတွက် သူကိုကြိုဆိုခြင်းဖြစ်ပါသည်။

စီမွန်နှင့်အာနန်တို့လင်မယားထံသို့ ခလေးငယ်ယေရှုကိုဆောင်ယူချိန်တွင် အထူးဖိတ်ကြားချက်ဖြင့် မဟုတ်ပါ ရိုးရှင်းစွာပင်ဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြမှုကမျက် ကွက်ခဲ့ပါ အချိန်မီပင်ဖြစ်ပြီးစီမွန်ကသန့်ရှင်းသောခလေးကိုသူ၏ ရင်ခွင်တွင်ပွေ့ပိုက်လျက်ကောင်းချီးပေးခဲ့ပါသည်။ဇနီးသည် အာနန်ကလည်းဝမ်းမြောက် စွာဖြင့်သူကြွလာသည့် အကြောင်းကိုပြောကြားခဲ့ပါ သည်။ယေရှုဆလင်၌ ရွေးနှုတ်ခြင်းကိုမျှော်လင့်သောသူ အပေါင်းတို့အား ဤအကြောင်းကိုကြားပြောခဲ့ပါ သည်။ (လုကာ 2:38)

သို့ဖြစ်လျှင် ဤအရာကအဆုံး သတ်ဖြစ်ပါသလားစီမွန်နှင့်အာနန်ကလည်းခရစ်တော်ကို မျှော်လင့်ဆဲဖြစ်ပါသည်။ သူတို့က ပထမရောင်နီဦးကို လက်လှမ်းမှီခဲ့ကြပြီးသတို့သားကနီးကပ်စွာချဉ်းကပ်လာသည့် အကြောင်း ကိုစတင်ခံစားကြခြင်းဖြစ်ပါသည်။ အချိန်နီးကပ်လာသောအခါ လောကရှိအနည်းငယ်သော သိုးများ အကြားတွင်ပို၍ အသွင်သဏ္ဌာန်က ပေါ်လွင်လာမည်ဖြစ်သည်။ သူပေါ်ထွန်းလာသောအခါသူ၏ သတို့သမီးကိုစွန့် ပစ်လိမ့်မည်မဟုတ်ပါဦးအကိုတို့ ထိုနေ့ရက်သည် သူခိုး ကဲ့သို့ သင်တို့အပေါ်သို့ ရောက်လာမည်အကြောင်း သင်တို့ သည် မှောင်မိုက်၌နေကြသည် မဟုတ် (၁ သက် ၅:၄) သို့သော်သူမကတော့သူကို

တွေ့ဖို့ရန်အဆင်သင့် ပြင်ဆင်လျက် စောင့်ဆိုင်းပါလိမ့်မည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးထဲတွင်ရှိသော ဤမျှော်လင့်ခြင်းကောင်းချီး မင်္ဂလာက ကျွန်ုပ်တို့ အချိန်၏ လက္ခဏာတစ်ခုဖြစ်ပါ သည်။ လောကီရေးရာ ပညာကတွဲကပ်နေသော်လည်းလူ့ရည်မှန်းချက်ကမျိုးဆက်သစ်များအတွက်စီမံလိမ့် မည်ဖြစ်သည်။ လောကစိတ်အမြင်ကသေးငယ်သော ဝင်ရိုးပေါ်တွင်လှိမ့်နေပါသည်။ ထို့အပြင်ကျွန်ုပ်တို့အရှေ့အရပ်ကိုကြည့်ပြီးနှလုံးသားပြောသောခံစားမှုတစ်ခုဖြင့် သခင်ကြွလာမည့်ည၏ အမှန်တရားကိုသိရှိကြပါ လိမ့် မ်ည်။

ဤအရာသန့်ရှင်းသောဝိညာဉ်တော်၏ ကောင်းကြီး မင်္ဂလာတစ်ခုဖြစ်ပါသည်။သူ၏ အသံကို နားစွင့်ကြပါစို့သူ၏ လမ်းညွှန်ချက်ကိုအဓိဖမ်းကိုင်ကြပါစို့ နေ့ရက်အချိန်ကနီးကပ်လာပြီးဖြစ်သောကြောင့်သစ်ကိုင်းပေါ်တွင် နားနေသောငှက်များကဲ့သို့ပင်ကျွန်ုပ်တို့၏ဦးခေါင်းများကိုမော့ကာသူ၏ ကြင်ဖော်ဖြစ်ဖို့ရန်မျှော်လင့် စောင့်စားလျက် လေထဲမှစခေါ်သောအခါထပြီး တွေ့ဆုံဖို့ရန်အတွက် အသင့်ဖြစ်ကြပါစို့။

တန်ဆာဆင်သော ဘုရား သစ်၏ သားသမီးများ

သန့်ရှင်းသောဝိညာဉ်တော်ကသူ၏ သားသမီးများကို ဝိညာဉ်ရေးရာဖြင့်တန်ဆာဆင်ပြီး ခရစ်တော်ပြန်လာမည့် အချိန်အတွက်ပြင်ဆင်ပေးနေပါသည်။ ငါတို့သည် ဝမ်းမြောက်ရွှင်မြူးကြကုန်အံ့အကြောင်းမူကား သိုးသူငယ်၏ မင်္ဂလာဆောင်ပွဲကိုခံချိန်ရှိပြီး သူ၏ မိန်းမသည်ကိုယ်ကိုတန်ဆာဆင်ပြီးဟုစည်းဝေးသောသူများ၏ အသံသမုဒ္ဒရာသံပြင်းစွာသော မိုးကြိုးသံကဲ့သို့ ငါကြား၏ (ဗျာဒိတ် 19:7:8)

သန့်ရှင်းသော ဝိညာဉ်တော်ကခရစ်တော်ပြန်လာမည့်အချိန်အတွက်ယနေ့လူတွေကို ပြင်ဆင်ပေးနေပါသည်။ ခရစ်တော်ကိုအာရုံပြုဖို့ရန်အတွက် လောကခရစ်ယာန်အစိတ်အပိုင်းအားလုံး၌သိမှတ်ရမည့်အခိုက် အတန့်တစ်ခုဖြစ်ပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ နှစ်ခြင်းကိုလက်ခံလျက် ခရစ်တော် ကို တွေ့ဆုံဖို့ရန်ပြောင်းလဲကြဖို့ရန်ဖြစ်သည်။ သတို့သားကြွလာမည့်အချိန်ကအလွန်ပင်နီးကပ်နေပါပြီသတို့သမီးကအဆင်သင့်ဖြစ်နေသောအချိန်တွင် သူမ၏ သခင်ကအလျင်အမြန်ပြန်လာမည်ဖြစ်သည်။ ဤအချက်ကဘာသာအယူဝါဒများကို ပြုပြင်ပြောင်းလဲရမည့် အချိန်ကာလဖြစ်ပါသည်။ သင်နှစ်သက်သော နာမ၊ စင်ကြယ်ခြင်း၊ ဒုတိယ ကောင်းကြီးမင်္ဂလာပို၍ အဆင့်မြင့်သောအသက်တာ၊ သန့်ရှင်းသော ဝိညာဉ်တော်နှစ်ခြင်း၊ လုံးဝအာရုံပြုခြင်းဖြင့်ခေါ်ဆိုပါ ဘုရားသခင်က သူ ပိုင် ဆိုင်မည့် လူမျိုးများကို ယနေ့ ဤ နည်းဖြင့်ဖိတ်ခေါ်သောကြောင့်သခင်ပြန်လာမည့် နေ့အတွက် ရှေ့ပြေးနိမိတ်ပင်ဖြစ်သည်။

မင်္ဂလာဝတ်စုံကို ကျွန်တို့ရရှိကြပါသလား။ ကျွန်ုပ်တို့ကမီးခွက်ကိုဆီအပြည့်ထည့်ထားကြပါသလား။ ကျွန်ုပ်တို့ စီမံထားသော အဝတ်အစားက အညစ်ကြေးမထင်ဘဲအစိတ်ပိုင်းအားလုံးကလှပသည့်ယစ်ပရောဟိတ်ဝတ်စုံကဲ့သို့စင်ကြယ်ရုံတင်မကတောက်ပစေပါသလား။အတွင်း အပြင်ကိုဤသို့ဖြစ်စေကြရမည်ဖြစ်သည်။ အတွင်းအစိတ်အပိုင်းအားလုံးကလှပသည့်ယစ်ပရောဟိတ်ဝတ်စုံကဲ့သို့စင်ကြယ်ရုံတင်မကဘဲတောက်ပစင်ကြယ်ပါသလား။အတွင်းအပြင်ကို ဤကဲ့သို့ဖြစ်စေကြရမည်ဖြစ်သည်။ အတွင်းပိုင်းအဝတ်ကအညစ်အကြေး

ကင်းရှင်းကာ အပြင်ပိုင်းက ကျက်သရေရှိရမည်ဖြစ်သည်။ ဤသို့သောအကြောင်းကြောင့်သန့်ရှင်းသော ဝိညာဉ်တော်ကစည်းစနစ်ရှိသောအသက်တာဖြင့် ကျွန်ုပ်တို့ကိုလမ်းပြခြင်ဖြစ်သည်။

ဤနေရာတွင်အဖြူရောင်စကားလုံး၏ အဓိပ္ပါယ်ကတောက်ပခြင်းဖြစ်ပြီးဘုရားသခင်၏ ခံညားသောတင့်တယ်သောအဝတ်အစားနှင့်တူညီသောစကားကိုအသုံးပြုခြင်းဖြစ်ပါသည်။အချင်းတို့ဖြူစင်သော လှပသောဝတ်စုံကိုတန်ဖိုးထားလျက်သန့်ရှင်းသောဝိညာဉ်တော်ကျေးဇူးတော်ဖြင့်တန်ဆာဆင်ကာဆင်မြန်းလာသည့်အချိန်အတွက်အဆင့်သင့်ဖြစ်ကြပါစို့။

တိုင်းနိုင်ငံများတွင် ထောက်ပံ့လှုပ်ဆောင်ခြင်း

သန့်ရှင်းသောဝိညာဉ်တော်က တိုင်းနိုင်ငံများအကြားတွင် ဘုရားသခင်၏ ထောက်ပံ့မှုကိုလုပ် ဆောင်နေပါသည်. ဤ ဝိညာဉ်တော်ကပင် ဘုရားသခင်၏ ရည်ရွယ်ချက်ကိုပြည့်စုံစေဖို့ရန်ရှင်ဘုရင်များ၏ မာကျောသောနှလုံးသေးများကိုတို့ထိကာတန်ဆာ ပလာအဖြစ် အသုံးပြုပါသည်။ကာလအဆုံးကိုချဉ်းကပ် ဖို့ရန်အတွက် ဘုရားသခင်၏စီမံချက်အစိတ်အပိုင်းများအတွက် ယနေ့တွင်လိုအပ်ချက် ထောက်ပံ့မည့် ကိုယ်စားလှယ်များကို ခေါ် ထုတ်နေပါသည်။ သာမန်ထက်လွန်ကဲသော ဖြစ်ပျက်မှုများကအမှန်ပင်ကျွန်ုပ်တို့အကြားတွင်လျှင်မြန်စွာဖြစ်ပေါ်လျက်ကမ္ဘာ့နေရာတိုင်းတွင် နိမိတ်ဆောင်သောအရာများကပြည့်စုံလာနေပါသည်။

ဓဝံဓလိလှုပ်ငန်း

သန့်ရှင်းသောဝိညာဉ်ေတာ်က ခရစ်တော်၏ တပည့်တော်များအား ကမ္ဘာတဝှမ်းသို့ဓဝံဓလိ လုပ်ငန်းဖြင့် ခရစ်တော်အတွက် သက်သေခံဖို့ရန် ကြီးမားသော စိတ်ချမှုကိုပေးနိုင်ပါသည်။ ယေရှုက သန့်ရှင်းသော ဝိညာဉ် တော်အားဖြင့်ကတိပြုသည့် အရာမှာအမှုတော် မြတ်ပင်ဖြစ်ပါသည်။ သင်တို့အပေါ်သို့သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက် သောအခါသင်တို့သည် တန်ခိုးကိုခံယူ၍ ယေရှု ဆလင်မြို့မှစသောယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏ သက်သေဖြစ်ကြ လိမ့်မည် ဟု မိန့်တော်မူ၏ (တမန် ၁:၈)

ထို့ကြောင့် ယနေ့တွင်မိမိဒေသနှင့် အခြား နေရာများသို့သတင်းကောင်းဝေငှဖို့ရန်စေလွှတ်သောသန့်ရှင်းသောဝိညာဉ်တော်က ယုံကြည်သူများ၏ နှလုံးသားထဲတွင်ဝန်တာမူကို ပိုမိုတောက်လောင်စေပါသည်။ သူကဿသနာစိတ်ကို ထက်သန်စေပြီး ကမ္ဘာ တစ်ဝှမ်းသို့ ဓဝံဓလိလုပ်ဆောင်ဖို့ရန်အတွက် လက်တွေ့ လွမ်းမိုးစေပါသည်။သူကမိန့်ဆိုပါသည်သခင်ယေရှုအမြန်ပြန်လာပါဟုတောင်းဆိုစေပါသည်။ဝိညာဉ်တော်နှင့် မင်္ဂလာဆောင်သတို့သမီးကလာခဲ့ပါဟုဆိုပါစေ၊ ရေငတ် သောသူသည်လာပါစေအလိုရှိသောသူသည်အဘိုးကို မပေးဘဲအသက်စမ်းရည်ကို ယူပါစေ (ဗျာဒိတ် ၂၂:၁၇)

အကယ်၍ကျွန်ုပ်တို့ကသန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်စုံသောခရစ်တော်ကြွလာမည့်အချိန်ကို တကယ်တောင့်တပါကလက်တွေ့လုပ်ဆောင် ချက်ဖြင့် ပြင်ဆင်ဖို့ရန်ဖြစ်ပါသည်။ ဘုရားသခင် ထားသည့် နေရာ၌ သစ္စာရှိဖို့ရန်ဖြစ်ပါသည်။ မိမိနေအိမ်နှင့်ရှိသော နေရာတွင် ဝိညာဉ်ရေးရာကို ပြည့်စုံစေသူဖြစ်ဖို့ရန်လို အပ်ပြီးအခြားနေရာများသို့မသွားနိုင်လျှင်လည်းအခြား သူများကို ပံ့ပိုးကာကမ္ဘာတစ်ဝှမ်းသို့သတင်းကောင်းရောက်ရှိဖို့ရန် ကူညီ ရမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ ဘာသာရေးအသက်တာ၌ ဘယ်လောက်များများက စိတ်ကူးယဉ်ဖြင့်သာကျေနပ်တင်းတိမ်ကာကိုယ့်အလိုဆန္ဒတွင် သာယာပျော်မွေ့လျက် ခရစ်ယာန်အလုပ်ဆောင်ရွက်ဖို့ရန်တစ်ကိုယ်ကောင်း ဆန်မှုကိုမရပ်စဲနိုင်သေးဘဲ သခင် ယေရှု၏ ရင်းနှီး မြှုပ်နှံသောစီမံချက်ပြည့်စုံမည့်အရေးကိုဆန့်ကျင်တော်လှန်ြပါသနည်း။ သင်သည် လုံးလုံးလျားလျား စိတ်ထက်သန်မှုရှိပါသလား။အဆုံးသက်လျင်မြန်စွာရောက်ရှိလာဖို့ရန် ကမ္ဘာတစ်ဝှမ်းသို့သတင်းကောင်း ပေးကမ်းဖို့ရန် အတွက် ကျွန်ုပ်တို့ကမုသားသက် သက်ဖြင့်သာ ပြောဆိုလုပ်ဆောင်လျက်နေကြပါသလား။ ဤ အချက်ကို သင်ဖတ်ကြည့်သလိုပင် သင်ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ ဘုရားသခင်ကသတိုး သမီးစာရင်းအား ပြည့်စုံစေမည့် ပျောက်ဆုံးသော တပည့်တော်ကိုနေ အိမ်သို့ပြန်လည်ရောက်လာဖို့ရန် ကယ်တင်ရှင်ထံသို့ သင့်ကိုခေါ်ဆိုနေပါသည်။ အမှန်ပင်သခင်ယေရှု ကြွလာမည်ဖြစ်သည်။ (ဗျာဒိတ် ၂၂:၂၀)

ခရစ်တော်ပြန်လာချိန်အတွက် ခင်ကြယ်သန့်ရှင်းကြပါစို့

Purifying Ourselves For Christ's Return

By Rich Carmichael

ကျွန်ုပ်တို့ကိုယ်စား ယေရှုကလက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခြင်းအားဖြင့် သူ၏ကြီးမားသောချစ်ခြင်း မေတ္တာကို ထင်ရှားစေခဲ့ပါသည်။ ကိုယ့်အဆွေခင်ပွန်းအတွက် အလို့ငါ ကိုယ့်အသက်ကိုစွန့်ခြင်း မေတ္တာထက်သာ၍ မြတ်သောမေတ္တာသည်အဘယ်သူ၌မျှမရှိ(ယောဟန် ၁၅:၁၃) အကြီးမားဆုံးသော လက်ဆောင်ကိုလည်း သူက ပေးခဲ့ပါသည်။ အချင်းယောကျ်ားတို့ခရစ်တော်သည် အသင်းတော်ကို ချစ်သကဲ့သို့ကိုယ့်ခင်ပွန်းကို ချစ်ကြလော့ (ပေတရုပ - ၁ : ၁၉)

သူ၏ ကြီးမားသောပေးဆပ်ခြင်းက ကျွန်ုပ်တို့ကို မည်မျှထိ ချစ်ကာအပြစ်ကိုဆေးကြောပေးလိုသော ဆန္ဒရှိကြောင်းအားပေါ်လွင်စေခဲ့ပါသည်။ ထိုသခင်သည် ခပ်သိမ်းသော ဒုစရိုက်မှငါတို့ကို ရွေးနုတ်စေခြင်းငှာ ကောင်းသောအကျင့်ဖက်၌အားကြိုး၍ ပိုင်ထိုက်သော အချိန်ကို မိမိအဘို့စင်ကြယ်စေခြင်းငှာငင်းကိုယ်ကို ကိုယ်စွန့်ကြတော်မူ၏ (တိတု ၂ : ၁၃-၁၄)

သူပြန်လာမည့်အချိန်ကနီးကပ်လာပါပြီ ထိုနေ့ရက်တွင် ကျွန်ုပ်တို့အတွက်အသွေးသွန်းကာ အသက်ကို ပေးဆပ်ခဲ့သောသူကို ကျွန်ုပ်တို့ကတွေ့ကြလိမ့်မည်ဖြစ်သည်။ ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းသောအခါ ငါတို့သည်ကိုယ်တော်နှင့်တူကြလတံ့။ ယခုငါတို့သည် သိကြ၏ အကြောင်းမူကား ကိုယ်တော်ဖြစ်သည့်အတိုင်း ငါတို့သည်ဖြစ်ကြလိမ့်မည်။ထိုသို့မျှော်လင့်သောသူ မည်သူကား ကိုယ်တော်သန့်ရှင်းတော်မူသည်နည်းတူ ကိုယ်ကို ကိုယ်သန့်ရှင်းစေတတ်၏။ (၁ ယော ၃:၂-၃)

ယေရှုပြန်လာချိန်ကို စောင့်စားရင်းဖြင့် ယခုတွင် သင်သည်စင်ကြယ်သန့်ရှင်းသောအသက်တာနှင့်အသက်ရှင်ပါမည်လော့(သို့)အပြစ်နှံ့ထဲ၌သာဆက်လက်ရှင်သန်မည်လော့။ ယောဟန်က ဤ သို့သတိပေးပါသည်။ ကိုယ်တော်၌တည်နေသောသူများမည်သည်ကားဒုစရိုက်မပြုတတ်၊ဒုစရိုက်ပြုတတ်သောသူမည်သည်ကားကိုယ်တော်ကိုမသိမမြင်(၁ယော၃:၅-၆)။

ကျွန်ုပ်တို့ကိုယ်စား ယေရှုစွမ်းဆောင်ပေးသော ကားတိုင်ပေါ်ရှိ ပေးဆပ်ခြင်းသည် အထူးပင်အဖိုးအခကြီးမြတ်သလိုလွယ်လွယ်နှင့်ရယူရမည့် တန်ဖိုး ကြီးသောအရာဖြစ်ပါသည်။ရေးသားသူ၏ တင်ပြချက်ကိုလေ့လာကြမည်ဆိုလျှင်-

အကြောင်းမူကား သမ္မာတရားကို သိရှိပြီးမှ ကိုယ်အလိုသို့လိုက်၍ပြစ်မှားပြန်လျှင်နောက်တဖန် အပြစ်ဖြေသောယစ်ကိုပူဇော်ခွင့်မရှိဘဲဒဏ်စီရင်ခြင်း ခံရမည်ဟုကြောက်မက်ဖွယ် မျှော်လင့်ရသော ကြောင့် ငြင်းဆန်သောသူတို့ကိုဖျက်ဆီးဖို့ရာအဖျက် တော်မီးလောင်ခြင်းကိုခံရသောအကြောင်းရှိ၏ ထိုမျှမက ဘုရားသခင်၏ သားတော်ကိုခြေဖြင့်ကျော်နင်း လျက်မိမိကိုယ်ကိုစင်ကြယ်စေသော ပဋိညာဉ်၏ အသွေးကို ပြစ်တင်လျက် သူကျေးဇူး ဝိညာဉ်တော်ကို မထီမဲ့မြင်ပြုလျက်ရှိသောကြောင့် သူသည်အဘယ်မျှ ကြီးစွာ သောဒဏ်ကိုခံထိုက်သည်ကို သင်တို့ ထင်ကြသနည်း။ (ဟေဗြဲ ၁၀ : ၂၆-၂၉)

သမ္မာတရားကိုသိရှိလက်ခံပြီးနောက်အဖြစ်တဖန် ကျူးလွန်သောသူအတွက်အရေးကြီးသော အရာ ဖြစ်ပါသည်။ ဤသို့သောနာမခံခြင်းဖြင့်ခရစ်တော်ကိုထိတွေ့ဆက်ဆံမည့်အစားသူ၏ စင်ကြယ်သော အသွေးတော်နှင့်ဆေးကြောစင်ကြယ် ကာ သူ့ကို ထွေးပိုက်ဖို့ရန်ဖြစ်သည်။ သူပြန်လာ မည့်အချိန်ကို ကျွန်ုပ်တို့မျှော်လင့်သောကြောင့်အပြစ် အညစ်အကြေးနှင့်ကင်းစင်၍အပြစ်မပါဘဲ ရှေ့တော်သို့ငြိမ်ဝပ်စွာရောက်မည်အကြောင်း ကြိုးစားအား ထုတ်ကြဖို့ရန်ဖြစ်သည်။(၂ပေဝ: ၁၅) သင်တို့အား ရွေးကောက်တော်မူသောအရှင်သည်မြင့်မြတ်သန့်ရှင်းတော်မူ၏သို့ဖြစ်၍သင်တို့ပြုကျင့်သမျှသည် မြင့်မြတ်သန့်ရှင်းရမည် (၁ပေဝ : ၁၅)

ရှင်ပေါလုကလည်း ဤသို့တင်ပြခဲ့ပါသည်။ ငါသည် မျှော်လင့်လျက် ဘုရားမဲ့တရားမဲ့နေခြင်း လောကီတပ်မက်ခြင်းကို ဖယ်ရှားလျက် ယခု ဘဝ၌ အန္ဒြစောင့်ခြင်းတရားသဖြင့်ကျင့်ခြင်းဘုရားဝတ်၌ မွေ့လျော်ခြင်းတို့ကို ပြုနေရမည်အကြောင်း ငါတို့ကို ဆုံးမသွင်သင်၍လူအပေါင်းတို့ကို ကယ်တင်သော ဘုရားသခင်၏ ကျေးဇူးတော်သည်ထင်ရှားပေါ်ထွန်းချက်ရှိ၏ (တိရ ၂ : ၁၂ - ၁၃) ဤသို့လည်း ခွန်အားပေးခဲ့ပါသည်။ အကြောင်းမူကားသင်တို့သည် သေသောသူဖြစ်၍ သင်တို့အသက်သည်ခရစ်တော် နှင့်အတူ ဘုရားသခင်၌ ဝှက်ထားလျက်ရှိ၏။ ငါတို့သက်တည်းဟူသောခရစ်တော်သည်ထင်ရှားတော်မူသောအခါငါတို့သည် ထို သခင်နှင့် အတူ ဘုန်းကြီး၍ထင်ရှားလတံ့။ထို့ကြောင့်မတရားသော မေထုန်၌ မှီဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်းကိလေသာပူပန်ခြင်း၊ ဆိုးညစ်သောတပ်မက်ခြင်းကို ကိုးကွယ်ခြင်း ဖြစ်သော လောဘ လွန်ကျူးခြင်းဟူသော မြေကြီး ပေါ်ရှိသော သင်တို့၏ကိုယ်အင်္ဂါတို့ကိုသေစေကြလော့ထို အမှုများကြောင့် ဘုရားသခင်၏ အမျက် တော်သည်ငြင်းဆန်သောသူတို့အပေါ်၌သက်ရောက်ပေ၏။ ထိုသူတို့နှင့် သင်တို့ သည်လည်း အထက်က ပေါင်းဘော်သောအခါထို အမှုများ၌ ကျင်လည် ကြ၏။ ယခု မူကားထိုအမှုအလုံးစုံတို့ကိုဂင်း အမြတ်ထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ မနာလိုခြင်း၊ သအရေပျက်အောင်ပြောဆိုခြင်း၊ ညစ်ညူးသော စကားသုံးခြင်းတို့ကို ၎င်းသင်တို့နှုတ်မှ ပယ်ရှင်းကြလော့။ (ကော်လောသဲ့း၄-၈) ချစ်ခြင်းမေတ္တာ

ကိုထင်ရှားစေလျက် ခပ်သိမ်းသောအရာကို ခရစ်တော်က ကျွန်ုပ်တို့အတွက် လုပ်ဆောင်ခဲ့သောကြောင့် သူပြန်လာမည့်နေ့ရက်ကို စောင့်မျှော်ကာ ကျွန်ုပ်တို့၏ အပြစ်များကိုစွန့်ပစ်ပြီးသန့်ရှင်း စင်ကြယ်ခြင်းကိုထွေးပိုက်ကြပါစို့။ကျွန်ုပ်တို့ကယခုတွင် ထာဝရအတွက်ကောင်းကြီးမင်္ဂလာရရှိ သူများဖြစ်ကြပါသည်။ ဤအရာသည် တစ်ယောက်သောသူပေးသောသူ၏ စင်ကြယ်သည့်အသွေးတော်ဖြင့်ရွေးနုတ်ကာ ဆေးကြောခြင်းကြောင့် ကောင်းကြီးမင်္ဂလာရရှိကြ သူများဖြစ်ကြပါသည်။ ငြိမ်သက်ခြင်း၏ အရှင် ဘုရားသခင်ကိုယ်တော် ကိုယ်တိုင်ကလည်းသင်တို့ကို အကုန်အစင် သန့်ရှင်းစေတော်မူပါစေသာ ငါတို့သခင် ယေရှု ခရစ်တော် ကြွတော်မူသောအခါ သင်တို့၏ ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်အပေါင်းကို အပြစ်တင်ခွင့်နှင့် ကင်းလွတ်စေခြင်းငှာ စောင့်မတော်ပါစေသော (၁ သက် ၅ :၂၃

အပြစ်များသော လောကတွင် စင်ကြယ်စွာ အသက်ရှင်နေထိုင်ခြင်း

(Staying Pure In A Sinful World)

By T. A. Hegre

အကယ်၍ ကျွန်ုပ်တို့က စစ်မှန်သောအသစ် မွေးဖွားခြင်းရှိပါကဘုရားသခင်၏ပုံသဏ္ဌာန်အတိုင်းအသက်ရှင်လိုသောဆန္ဒကိုရှိကြမည်ဖြစ်သည်ယေရှု၏ ပုံသဏ္ဌာန်ကိုဆောင်လိုကြပါလိမ့်မည်။ မည်ကဲ့သို့ကျွန်ုပ်တို့က စင်ကြယ်သန့်ရှင်းကြပါမည်နည်း။ဘုရားသခင်က ကျွန်ုပ်တို့ကိုမည်သို့သန့်ရှင်းစင်ကြယ်အောင်လုပ်ဆောင်ပါသနည်းဟုမေးခွန်း တစ်ခုကို မေးမြန်းချင်ပါသည်။လူက အပြစ်ပြုသောအခါသူ၏အပြစ်ကင်း စင်ခြင်း ကပျောက်ကွယ်သွားပါသည်။ မှားယွင်းသူဖြစ်လာပါသည်။ သူ၏ ဝိညာဉ်ရေးရာအသက်တာကပျောက်ဆုံးပြီး အပြစ်ထဲ၌အသေဖြစ်သွားပါသည်။ သူ၏စွမ်းရည်ကို ဆုံးရှုံးပြီးလောကဥ္စအပြစ်၏ ကျွန်ုပ်ပြုခြင်းကိုခံရပါသည်။ အကြီးမားဆုံးသောဆုံးရှုံးမှုဖြစ်သည့်စိတ်နှလုံးစင်ကြယ်ခြင်းကို ဆုံးရှုံးပါသည်။

သို့သော် ဘုရားသခင်၏ ကြီးမားသော ကယ်တင်ခြင်းကကျဆုံးခဲ့သောလူ၏ လိုအပ်ချက် အားလုံးကို စွမ်းဆောင်ပေးပါသည်။ သူကဤပစ္စုပ္ပန်နှင့်အနာဂတ်အတွက်ပြည့်စုံသောအသက်တာဖြင့်ပြန်လည်ရှင်သန်ဖို့ရန်ထောက်ပံ့ခဲပါသည်။

ဖြူစင်သော စိတ်သဘောကို ပြန်လည်မွမ်မံခြင်း

လူ၏သန့်ရှင်းစင်ကြယ်ခြင်းအတွက်ထူးခြားသောစီမံလုပ်ဆောင် ချက်ကိုကျွန်ုပ်တို့ကသေချာစွာတွေး တောမိကြပါလား။ ဘုရားသခင်၏ ကြီးမာသောကယ်တင်ခြင်းထဲတွင်ချက်ချင်းတိုးတက်သည့် လက္ခဏာသွင်ပြင်နှင့် အဆင့်ဆင့်ဖြင့်တိုးတက်သော လက္ခဏာသွင်ပြင်နှစ်မျိုးစလုံးကိုတွေ့ရှိရပါသည်။

အသွေးတော်ဖြင့် စင်ကြယ်စေခြင်း

ရှေးဦးစွာ အသွေးတော်ဖြင့် ကျွန်ုပ်တို့ကို စင်ကြယ်စေပါသည်။ ကာရာနီတောင်ကုန်းရှိ လက်ဝါးကားတိုင်ပေါ်တွင် ကျွန်ုပ်တို့၏ အပြစ်များကိုခွင့် လွတ်ဖို့ရန်အတွက်ပြည့်စုံခြင်းကို အခြေခံသည့် အနေဖြင့်သူ၏ အသွေးတော်ကိုသွန်းလောင်းခဲ့ပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်အတိုင်း နောင်တရလျက် ယေရှု

ခရစ်တော်ကို ယုံကြည်သူ တိုင်းကခွင့်လွတ်ခြင်းကိုရ ရှိလိမ့်မည် ဖြစ်သည်။

လူကျဆုံးပြီးနောက် ချက်ချင်းပင် တိရိစ္ဆာန် ဖြင့် အစားထိုးပူဇော်ပသခြင်းကာ စတင်ကာခမ္မဟောင်း တလျှောက်တွင်အသုံးပြုလာပါသည်။ခမ္မသစ်တွင် နှစ်ခြင်း ဆရာယောဟန်က ဤခမ္မဟောင်း၏ ယစ်ပူ ဇော်ပသခြင်းကို ယေရှုခရစ်တော်ဖြင့်ရည်ညွှန်းကာ ပြောဆိုခဲ့ပါသည်။ ကြည့်ရှုလော့လောကအပြစ်ကို ဆောင်ယူသွားမည့်ဘုရားသခင်၏သိုးသယ်ဟုပြောဆို ခဲ့ပါသည်။(ယော ၁:၂၉)

ဘုရားသခင်သည် အလင်း၌ရှိတော်မူသကဲ့သို့ ငါတို့သည် အလင်း၌ကျင်လည်လျှင်အချင်းချင်းမိတ် သဟာရဖွဲ့ခြင်းရှိကြသည်ဖြစ်၍ ဘုရားသခင်၏သား တော် ယေရှုခရစ်တော် အသွေးတော်သည်ငါတို့ အပြစ် ရှိသမျှကိုဆေးကြောတော်မူ၏ကိုယ့်အပြစ်မရှိဟုငါတို့ သည်ဆိုလျှင် ကိုယ်ကိုကိုယ်လှည့်ဖြားကြ၏ ငါတို့၌ သစ္စာတရားမရှိကိုယ့်အပြစ်တို့ကိုဖော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကို လွတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင် စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့် ၎င်းဖြောင့် မက်ခြင်းတရားနှင့် ၎င်းပြည့်စုံတော်မူ၏ (၁ ယော ၁ : ၇-၉)

ခရစ်တော်၏ အသွေးတော်ကအပြစ်ကို ဖယ်ရှား ကာ သန့်ရှင်းစေနိုင်ပါသည်။ အသွေးတော်က ကျွန်ုပ် တို့အတွက် ဘုရားသခင်၏ စီမံချက် ပင်ဖြစ်ပါသည်။ ပညတ်တရားအတိုင်းခပ်သိမ်းသော အရာတို့ကို ကုန်မ သက် အသွေးအားဖြင့် စင်ကြယ်စေတတ်၏အသွေး မသွန်းလောင်းဘဲအပြစ်လွတ်ခြင်းမရှိ(ဟေဗြဲ ၉ :၂၂) နောင်တရသော ယုံကြည်သူကို ဘုရားသခင်က ယေရှု အားဖြင့် ဆေးကြောလျက်ခွင့်လွတ်ပါသည် ဤ အရာက အထက်မှ မွေး ဖွားခြင်းဖြစ်ပြီးတချိန် တည်း တွင် ထာဝရ အသက်ကို အာမခံသောအရာဖြစ်ပါသည်။

ကားတိုင်ဖြင့် စင်ကြယ်စေခြင်း

ယေရှုခရစ်တော်၏ အသွေးတော်က သန့်ရှင်း စင်ကြယ်ဖို့ရန်အတွက်သာစီစဉ်ခြင်းမဟုတ်ဘဲကားတိုင် အားဖြင့်ကျွန်ုပ်တို့ကိုလည်းသန့်ရှင်းစေပါသည်။အပြစ်က လူ၏အစိတ်အပိုင်းအားလုံးကိုထိရောက်စေပါသည်။ ကယ်တင်ခြင်းကရိုးရှင်းမှု တစ်ခုသာမကနက်နဲသော ဘုရားသခင်၏ ပညာနှင့်တန်ခိုးတော်ပင် ဖြစ်ပါသည်။ ခွင့်လွတ်ခြင်းဖြင့် ထာဝရ အသက်၏ အာမခံချက်ကိုရရှိ သောသူ တစ်ယောက်ကခွင့်လွတ်ခြင်း အချက်၏ နက်နဲ သောအရာတို့ကိုမကြာခင်ရှာဖွေမည့်သူများဖြစ်ပါ သည်။ အပြစ်သေဆုံးရမည်ဖြစ်သည်။

ယေရှာယကပျက်စီးသွားသောလူ၏သဘော သဘာဝကို အကောင်းဆုံးရှင်းလင်းခဲ့ပါသည်။ ငါတို့ရှိ သမျှသည်သိုးကဲ့သို့လမ်းလွဲလျက်ကိုယ်လမ်းသို့အသီးအ သီးလိုက်သွားကြသည်ဖြစ်၍ ထာဝရ ဘုရားသည် ခပ်သိမ်းသော ငါတို့အပြစ်များကို သူ့အပေါ်တင်တော် မူ၏ (ယေရှာယ၅၃-၆) ကိုယ့် လမ်း (ကိုယ်အကျိုး) သည်လူအပြစ်၏အခြေခံဖြစ်ပါသည်။ ခွင့်လွတ်၍ မရနိုင် သောအရာဖြစ်သည်။ထို့ကြောင့်သေဆုံးရမည် ကားတိုင် တွင် ကျွန်ုပ်တို့၏ ကိုယ်ပိုင်အပြစ်ကိုချဖို့ဖြစ်သည်။ ဤအပြစ်ကသေ ဆုံးရမည်(ကိုယ်ကျိုး)တကိုယ် ကောင်း ဆန်ခြင်းကိုဘုရားသခင်ကခွင့်လွတ်နိုင်ပါသည်။ သို့သော် ကိုယ်ကျိုးကိုမြဲစေချင်သောသူများကိုမူဘုရားသခင်က ခွင့်လွတ်၍မရပါ။ဤအရာကိုအဆုံးသတ်ရမည်ဖြစ် သည်။ ဤ သဘောသဘာဝကိုထောက်ပံ့သည့်

အရာကအသွေးတော် မဟုတ်ပါကားတိုင်းဖြစ်သည်။ ယေရှုက ဤ သို့မိန့်ဆိုသည် ငါ့၌ဆည်းကပ် သောသူ ဖြစ်လျင် ကိုယ့်လက်ဝါးကားတိုင်ကိုထမ်း၍ ငါ့ နောက်သို့ လိုက်ရမည်(မသဲ ၁၆:၂၄)

တမန်တော်ပေါလုကလည်းရောမဖိထဲတွင် အကြိမ်များများတင်ပြခဲ့ပါသည်။ ပထမစာကြောင်းတွင် ဤသို့မေးခွန်းထုတ်ခဲ့ပါသည်။ ထိုသို့မှန်လျင် အကယ်သို့ ပြောရမည်နည်း ကျေးဇူးတော်ပွားများစေခြင်းငှာ အပြစ် တရားကို ကျင့်၍ နေရမည်လောသူ၏ဖြေချင်းချက်၌ ထိုသို့မနေရ အပြစ်တရာမှ စုတေ့သောသူတို့သည်ထို အရာ၌ အကယ်သို့ ရှင်ရ ဦးမည်းနည်း ဘုရားသခင်က တားမြစ်ပါသည်။ကျန်အခန်းငယ်များတွင်လည်းအတွင်း ပိုင်းအသက်တာ၏ ပျက်စီးခြင်းများနှင့်ထိတွေ့သော ဘုရားသခင်၏ နည်းစနစ်များကို အသေးစိတ်ဖော်ပြ ထားပါသည်။

အခန်း(၆)တွင်ငါတို့၏ လူဟောင်သည် ထို သခင်နှင့် အတူလက်ဝါး ကပ်တိုင်မှာအသေသတ်ခြင်း ကိုခံရပြီဟုငါတို့သိကြ၏အကြောင်းမူကားငါတို့ သည် နောက်မှအပြစ်တရား၏ အစေကိုမခံစေခြင်း ငှာအပြစ် တရား၏ ကိုယ်ကိုဖျက်ဆီမည် အကြောင်း တည်း(ရောမ ၆း၆) ဤ အခန်း၏ ရှင်းလင်းချက်မှာ ခရစ်တော်နှင့် ကျွန်ုပ်တို့က အသေခံခြင်းအားဖြင့် အပြစ်တန်ခိုးက ပျောက် ပျက်သွားကာအပြစ်မပြုတတ်သည့်အကြောင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့အပြစ်ကိုယ်စား အသေခံသောခရစ် တော်ထက်ပိုကြီးမားသောအရာမရှိပါ။ ကားတိုင်ပေါ် တွင် ကျွန်ုပ်တို့၏ အပြစ်အားလုံးကို ခရစ် တော်ကသယ် ဆောင်ပေးခဲ့ပြီးဖြစ်ပါသည်။ ဤ ထက်ပိုပြီး ကျွနိုပ်တို့ ကိုလည်း ထိုနေရာတွင် သယ်ဆောင်ခဲ့ပြီးဖြစ်သည်။ ဤ အရာကအပြစ်၏သဘောသဘာဝအတွက်ပံ့ပိုးပေးသော ဘုရားသခင်၏ နည်း စနစ်ဖြစ်ပါသည်။

တဖန် အခန်း၏ (၁၁)တွင် ရှင်ပေါလုက ထို နည်းတူ သင်တို့သည် အပြစ်တရားနှင့်ဆိုင်သောအရာ၌ ကာအသေဖြစ်သည်ဟူ၍ငင်၊ဘုရား သခင်နှင့်စပ်ဆိုင် သောအရာ၌ငါတို့သည်သခင်ယေရှု အားဖြင့် အသက်ရှင် သည်ဟူ၍ ကိုယ့်ကိုကိုယ် ထင်မှတ်ကြ လော့ဟုပြောဆို ခဲ့ပါသည်။ ဤ သမ္မာတရားကို ကျွန်ုပ်တို့သိရှိကာ ယုံကြည်ဖို့ရန်လိုအပ်ပါသည်။ အပြစ်အတွက် ခရစ်တော် နှင့်အတူသေခြင်းသူ၏ ရှင်ပြန်ထမြောက်ခြင်းက ကျွန်ုပ် တို့၏ ရှင်ပြန်ထမြောက်ခြင်းအဖြစ်မမှတ်ယူပါက အပြစ် ကိုအနိုင်ယူသောသမ္မတရား၏ဖွင့်ပြမှုကို ကျွန်ုပ်တို့က နားလည်နိုင်ကြမည်မဟုတ်ပါ။

သန့်ရှင်းသော ဝိညာဉ်တော်အပေါ် နေ့စဉ်မီခို လိုက်လျောက်နိုင်ဖို့ကလည်း ကြပ်တည်းသော လုပ် ဆောင်ချက်တစ်ခုဖြစ်ပါသည်။ ဤ အချက်ကို တမန် တော်ရှင်ပါလုက သိကျွမ်းသည့်အတိုင်းသက်သေ ပြုကာ ရှင်းလင်းခဲ့ပါသည်။

ငါသည် ခရစ်တော်နှင့် အရှလက်ဝါးကား တိုင်မှာ အသေခံပြီး သို့သော်လည်း အသက်ရှင်သေး၏ ထိုသို့ ဆိုသော် ငါသည်ကိုယ်တိုင်မရှင် ခရစ်တော်သည် ငါ၌ရှင် တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခုငါရှင်သောအသက်သည် ဘုရားသခင်၏ သားတော်ကို ယုံကြည်ခြင်းအားဖြင့် တည်၏ ငါ့ကိုချစ်၍ငါ့ အဘိုး ကိုယ်ကို စွန့်တော်မူ၏ (ဂလာတိ ၂: ၂၀) ကျွန်ုပ်တို့ ကိုယ်ပိုင်မှ ဤအချက် သိကျွမ်းဖို့၊ယုံကြည်ဖို့နှင့်လက်ခံ ဖို့ရန်ဖြစ်ပြီးလိုအပ်သော ကိုယ်ကျင့် တရား အတိုင်းကျင့်ကြံဖို့ရန်ဖြစ်ပါသည်။ ဤ အချက်က လောကအသွေး အသားတပ်မက်မှုမှလုံးလုံး လျား လျား လှည့်ပြန်ကာ ဘုရားသခင်ထံသို့အည်ခံ ခြင်း

စကားလုံးသည်ပြည့်စုံသောအလိုတော် ကိုငြင်း ပယ်ခြင်း ကိုယ့်အလိုဆန္ဒကိုသေဆုံးစေခြင်းဖြစ်ပါသည်။ ကားတိုင်က ဘုရားသခင်၏ နည်းစနစ်ဖြစ်ပြီးသန်ခြင်းစင်ကြယ်ဖို့ရန် စီမံလုပ်ဆောင်ခြင်းဖြစ်ပါသည်။ ဤ အရာကား သေခြင်းနှင်ရှင်ခြင်း၌ခရစ်တော်နှင်အတူပေါင်းစည်းခြင်းဖြစ်ပါသည်။ထို့ကြောင့်ဤအချက်အားလုံးနှင့် ကိုယ်တိုင်ထိတွေ့ဖို့ရန်ပင်ဖြစ်ပါသည်။

သန့်ရှင်းသော ဝိညာဉ်တော်လုပ်ဆောင်သော စင်ကြယ်ခြင်း

စင်ကြယ်သောသန့် ရှင်းခြင်းတွင် ဘုရားသခင်က ကဏ္ဍာနှစ်မျိုးနှင့် လုပ်ဆောင်ပါသည်။ ခွင့်လွှတ်ခြင်းနှင့် ကားတိုင်မှခရစ်တော်၏ အသွေးဖြင့် ဆေးကြောခြင်းဖြစ်ပြီး အခြားကဏ္ဍတွင် တိကျသည့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် စင်ကြယ်သန့်ရှင်းခြင်းကိုလုပ်ဆောင်ပါသည်။ ယေရှု ရှင်ပြန်ထမြောက်အပြီးတွင်တပည့်တော်များထံသို့သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိခြင်းနှင့် (ယော ၂၀၊ ၁၂) ရက်၅၀အပြီး ပင်သေကုတ္တော၏ သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်ဝခြင်းအကြောင်းကို ပြောကြားခဲ့ပါသည်။ ဘုရားသခင်၏ ဝိညာဉ်တော်က သန့်ရှင်းသောကြောင့် သူကသန့်ရှင်းခြင်းကို ဖန်တီးပေးပါသည်။ ဘုရားသခင်က ကျွန်ုပ်တို့ကို သန့်ရှင်းဖို့ရန် ပြောဆိုယုံတင်မက သန့်ရှင်းအောင် လုပ်ဆောင်ပေးပါသည်။အကယ်၍ရှင်ပြန်ထမြောက်ခြင်း အသက်တာနှင့် သန့်ရှင်းသော ဝိညာဉ်တော်က ကျွန်ုပ်တို့ကို မဖြည့်စီးပါက ကျွန်ုပ်တို့ အသက်တာ၌ သန့်ရှင်းသောအသက်တာကအမှန်တကယ်ရှိနိုင်မည်မဟုတ်ပါ။

ဘုရားသခင် လုပ်ဆောင်စေလိုသောအရာကို ဆန့်ကျင်နေသည့် ကျွန်ုပ်တို့၌ ရှိသော ဇာတိပကတိလမ်းကြောင်းကို ကားတိုင်ပေါ်တွင်သတ်ဖြတ်ရမည့်အချိန်ကားရောက်ရှိလာပြီဖြစ်သည်။ ကားတိုင်ပေါ်ရှိခရစ်တော် သေဆုံးသော ခန္ဓာကိုယ်ထဲတွင် ဇာတိ ပကတိကို ဘုရားသခင်က ချထားခဲ့ပြီးဖြစ်ပါသည်။ထို့ကြောင့်ကျွန်ုပ်တို့ကလည်းခရစ်တော် နှင့်အတူထမြောက်ကြပြီးဖြစ်သည်။ ယခုတွင် အသစ်သောအသက်တာဖြင့် ကျွန်ုပ်တို့က လျှောက်လှမ်းနေကြပါပြီ ခရစ်တော်၏ ဇာတိကိုကျွန်ုပ်တို့က ပိုင်ဆိုင် ကြပါသည်။ သို့ဖြစ်သောကြောင်ယုံကြည်လျှက် ကိုးစားသောသူများအပေါ်တန်ခိုးတော်ကိုပေးဖို့ရန် သန့်ရှင်းသော ဝိညာဉ်တော်ကရောက်ရှိလာခြင်းဖြစ်ပါသည်။

သစ်တိုင်ပေါ်ယေရှုကွပ်မျက်မခံရခင်တပည့်တော်များအားကြီးမားသော လုပ်ဆောင်သောချက်တစ်ခုအတွက်ပြင်ဆင်ပေးခဲ့ပါသည်။ (ယောဟန် ၁၄၊၁၆) ကောင်းကင်သို့ မတက်ခင် သူ၏ တပည့်တော်များကိုစုစည်းပြီးယေရှုစလင်မြို့မှမထွက်သွားဘဲခမည်းတော်၏ ဂတိကိုငံ့လင့် နေမည့်အကြောင်းကို မှာကြားခဲ့ပါသည်။ ဂတိတော် အချက်ဟူမူကား ယောဟန်သည်ရေ၌ ဗတ္တိဇံကိုပေး၏ သင်တို့ သည်မကြာမမြင့်မီသန်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံကိုခံကြရလိမ့်မည်ဟု မိန့်တော်မူ၏ (တမန် ၁ ၊၄-၅) ဤ အကြောင်းအရာကပင်ပင်သေကုတ္တောနေ့တွင် ဖြစ်ပျက်လာခဲ့ပါသည်။ ယနေ့တွင်လည်းဤ ဂတိတော်၏ ကောင်ချီးမင်္ဂလာကိုရရှိဖို့ရန်ဆာငေါ်နေသောသူ အားလုံးအပေါ်၌ ဖြစ်ပျက်လာလိမ့်မည် ဖြစ်ပါသည်။ ပင်သေကုတ္ထောသမိုင်းနှင့်

သက်ဆိုင်သောအရာက ပြန်လည်ဖြစ်နိုင်စရာ အကြောင်းမရှိသော်လည်းကားတိုင်နှင့်သက်ဆိုင် သောအကြောင်းကားဖြစ်လာလိမ့်မည်ဖြစ်သည်။

ထို့ကြောင်ပင်သေကုတ္တာနှင့် ကာရာနီဒ်ဒ် ဖြစ်ပျက်ခဲ့သောအကြောင်းအရာနှစ်ခုစလုံးကိုကျွန်ုပ် တို့က အထူးရှင်းလင်းမည့်သူများဖြစ်ကြပါသည်။ ယုံကြည်သောစိတ်နှင့်အညံ့ခံလျက်နောင်တရသော လူတိုင်းအပေါ်တွင် သူကအလုပ်လုပ်ပါ လိမ်မည်။

သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် စင်ကြယ်စေခြင်း

ဤအနေအထားများနှင့် ထိတွေ့သောအခါ ဘုရား သခင်က ကားတိုင်အားဖြင့်သော်ငင်း အသွေးတော် အားဖြင့်သော်ငင်း သန့်ရှင်းသောဝိညာဉ်တော် အား ဖြင့်သန့်ရှင်းခြင်းကို ချက်ခြင်းရနိုင်ဖို့ရန် လုပ်ဆောင် ပေးပါသည်။ ဘုရားသခင်၏ ပြန်လည်လုပ်ဆောင် ခြင်း အစီစဉ်ထဲတွင်ကြီးထွားတိုးတက်ခြင်းက လိုက် ပါလာပါသည်။သန့်ရှင်းသောဝိညာဉ်တော်ကအပြစ် ကို ဆေးကြောဖို့ရန်ကားတိုင်နှင့် အသွေး တော်ကို အသုံးအပြုဘဲ ခရစ်တော်၏ ပုံသဏ္ဌာန်နှင့် ထိတွေ့ ဖို့ရန်ပုံဖော်ပေးပါသည်။အပြစ်မပြုတတ်သည့်အသွင် အပြင် လက္ခဏာထဲသို့ အသွင်ပြောင်းဖို့ရန် ကူညီပေး ပါသည်။ ဤလုပ်ဆောင်ချက်ကို ကျေးဇူး တော်၌ ကြီးထွားခြင်းတိုးတက်ခြင်းဟုခေါ်ဆိုနိုင် ပါသည်။ ထို့ကြောင့် သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့၏ ဆရာလမ်းပြသောအရှင်ဖြစ်ပါသည်။ ကျွန်ုပ်တို့က သူ့ကိုအညံ့ခံလျက်ကိုးစားမည်ဆိုလျှင် သူ၏ အံ့ဘွယ် အလုပ်ကို ကျွန်ုပ်တို့ထံလုပ်ဆောင် မည်ဖြစ်ပါသည်။

သို့ဖြစ်သောကြောင့် သန့်ရှင်းသော ဝိညာဉ်တော်သည်ကျွန်ုပ်တို့ကို သန့်ရှင်း စင်ကြယ် အောင် လုပ်ဆောင်ပေးမည့်ဘုရားသခင်၏ အထူး ကိုယ်စာလှယ်ဖြစ်ပါသည်။ ပေတရုကတပ်မှူး ကော်နေလိနှင့် မိသားစုအားဖြင့် ဤ သို့ပြောဆို ကာ ရှင်းလင်းခဲပါသည်။ စိတ်နှလုံးကို သိတော်မူသော ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်ကို ငါတို့အားပေးသည့်နည်းတူ သူတို့အားပေးသဖြင့်သူ တို့ဘက်၌သက်သေခံတော်မူ၏(တမ

နှုတ်ကပတ်တော်အားဖြင့် သန့်ရှင်းခြင်း

သန့်ရှင်းစင်ကြယ်ဖို့ရန် တိုးတက်ကြီးထွားစေသည့် အခြားသောလက္ခဏာတစ်ခုမှာ နှုတ်ကပတ်တော် ပင်ဖြစ်ပါသည်။ ယေရှုက ကိုယ်တော်သည် သမ္မာ တရားအားဖြင့် သူတို့ကိုသန့်ရှင်းစေတော်မူပါ ကိုယ် တော်၏ နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်ပါ သည်ဟုမိန့်ဆိုခဲ့ပါသည်။ တမန်တော်ပေတရုက လည်း ဤစကားလုံး၏ အစိတ်အပိုင်းကိုကိုးကား လျက်သင်တို့သည် သမ္မာတရားကိုလိုက်လျောက် ကျင့်သုံးကြခြင်းအားဖြင့်မိမိတို့စိတ်နှလုံးကိုသန့်ရှင်း စေကြပြီဟုတင်ပြခဲ့ပါသည်။ (၁ပေ ၁.၁-၂၂)

ဆာလံဆရာကလည်း လူပျိုသည် မိမိသွား သောလမ်းကို အဘယ်သို့ သန့်ရှင်းစေနိုင်မည် နည်း ဟူမူကား နှုတ်ကပတ်တော်အတိုင်း သတိပြုရုပါ မည်ဟု တင်ပြခဲ့ပါသည်။ ထို့ကြောင့်နှုတ်ကပတ် တော်သည် ကျွန်ုပ်တို့အတွက် နေ့စဉ်လိုအပ်သော အရာဖြစ်ပါသည်။ ယုံကြည်ခြင်းဖြင့် လျှောက်လှမ်း သော ခရစ်ယာန်အသက်တာအတွက် လုံခြုံသော စည်းမျဉ်းစည်းကမ်းခုဖြစ်ပါသည်။ ဘုရားသခင်၏ နှုတ် ကပတ်တော်က ခရစ်ယာန်အသက်တာ ကြီးထွားဖို့

ရန်အတွက် ကျေးဇူးတော်၏ အဓိပ္ပါယ်တစ်ခုဖြစ်ပါသည်။

စည်းကမ်းရှိခြင်းဖြင့် သန့်ရှင်းခြင်း

ကျွန်ုပ်တို့၏ သန့်ရှင်းစင်ကြယ်ခြင်းကို တိုးတက်ကြီးထွားစေသည့် အခြားလက္ခဏာတစ်ခုမှာ စည်းစနစ်ပင်ဖြစ်ပါသည်။ ဤကဏ္ဍတွင် လူဟောင်း၏ စည်းစနစ်ကို ဆိုလိုခြင်းမဟုတ်သည့်အချက်ကို သဘောပေါက်ကြမည်ဖြစ်သည်။ ကျမ်းစာ၌ လူဟောင်းအာဒံ၏ အသက်တာအတွက် ခရစ်တော်နှင့်အတူကားတိုင်ပေါ်တွင်သေဆုံးခြင်းဖြင့်ဖြည့်စွက်သည့် အချက်ကိုဖော်ပြခဲ့ပါသည်။ စည်းစနစ်နှင့်ပတ်သက်ပြီး ဟေဗြဲအခန်းကြီး ၁၂တွင် တိကျစွာရှင်းလင်းထားပါသည်။(ဟေဗြဲ၁၂:၁-၁၃)အကြောင်းမူကားထိုအဘတို့သည် မိမိအလိုသို့ လိုက်၍ တခဏတာဆုံးမပေးကြ၏။ ကိုယ်တော်မူ ကား မိမိသန့်ရှင်းခြင်းပါရမီတော်ကို ငါတို့သည် ဆက်ဆံခြင်း ငါတို့အကျိုးကိုထောက်၍သာဆုံး မပေး တောင်မူ၏။ (ဟေဗြဲ ၁၂:၁၀)

စည်းစနစ်သည် ကျွန်ုပ်တို့အတွက်လိုအပ်သောအရာဖြစ်ပါသည်။ ကျွန်ုပ်တို့ကလည်းလိုက်လျောက်ဖို့ရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့ ပြည့်စုံဖို့ရန်အတွက်လိုက်လျောက်ရမည်။ ကျင့်သုံးရမည်ဖြစ်သည်။ ကာနုန်နယ်ထဲတွင်ရှိသောကွာသရေလလူမျိုးများကလည်းဆန့်ကျင်မှုများနှင့် ရင်ဆိုင်ကြရပါသည်။ ဤလောကရှိ ခရစ်ယာန်များကလည်း ထိုနည်းတူပင်ကာနန်နယ်၏အခြေအနေတွင်ရပ်တည်နေပါသည်။ ဇာတိပကတိနှင့်ဆိုးယွင်းမှု(သို့) အလေ့အထဟောင်းနှင့် ယိုယွင်းသော စိတ်နှလုံးကွဲသို့ မှတ်ချက်ပြုနိုင်ပါသည်။ ကျွန်ုပ်တို့က ဤ အရာအားလုံးကို ကျော်လွှားအောင်မြင်ဖို့ရန်ဖြစ်ပါသည်။ သန့်ရှင်းခြင်းခွဲပျော့ညံ့ခြင်းကို ဘုရားသခင်အလိုမရှိပါ။ ကျွန်ုပ်တို့ကိုသန်မာစေလိုပါသည်။ သို့ဖြစ် သောကြောင့် ဤ နယ်ပယ်ထဲမှပြုင်ဖက်များကို နှင်လိုက်ပါ။ ဘုရားသခင်က ကျွန်ုပ်တို့ကိုဂရုစိုက် စွာဖြင့် စောင့်ကြည့်နေပါသည်။ ကြသရေလများကဲ့သို့ကျဆုံးကြမည်ဆိုပါကကျွန်ုပ်တို့ကိုဆုံးမကာ ဝန်ခံ စေပါလိမ့်မည်။

ကျွန်ုပ်တို့ကောင်းမြတ်ဖို့ရန်အတွက် ဘုရားသခင်စီမံထားသောအရာများကိုကျွန်ုပ်တို့သိကြမည်ဆိုလျှင် အသက်တာ၏ အခြေအနေများမှ ငုပ်လျှိုးနေသည့်အရာများကို ရှင်းပြလိမ့်မည်ဟုထင်မြင် မိပါသည်။ (ဥပမာ-ယောဘ၏အတွေ့အကြုံ) ဘုရားသခင်က မထိုက်တန်သောသူများအားဖြင့် ကျွန်ုပ်တို့ကိုအမြဲသွန်သင်ပါသည်။ယောဘကိုသူကိုစွပ်စွဲသောမိတ်ဆွေသုံးဦးထံမှ သင်ယူစေခဲ့ပါသည်။ ပေတရုကိုကြက်ဖတစ်ကောင်အားဖြင့် ၎င်းသင်ယူ စေခဲ့ပါသည်။ ဘုရားသခင်ထက်သူ၏ သားကွဇက်ကိုပိုမိုမြတ်နိုးသောအာဗြဟံကိုသင်ယူစေခဲ့ပါသည်။ ထို့အပြင်ဇလိယတွင်ရှိသော ကြောက်ရွံ့ခြင်းစိတ်ကြောင့်မိန်းမတစ်ဦးကိုကြောက်၍ ထွက် ပြေးခြင်းဖြင့်သွန်သင်ခဲ့ပါသည်။ သခင်ယေရှုကလည်း သူခံစားရမည့်အရာများအားဖြင့်နာခံခြင်းကို သင်ယူခဲ့ပါသည်။(ဟေဗြဲ ၅:၈)ယေရှုကသန့်ရှင်းခြင်းဖြင့် လျှောက်လှမ်းခဲ့ပါသည်။ သို့သော်သူဖြတ် လျှောက်သည့်လမ်းကကြမ်းတမ်းလှပါသည်။ သူ၏ နာခံခြင်းပုံစံကို ကျွန်ုပ်တို့ကလုံးဝသင်ယူရမည့်အရာဖြစ်ပါသည်။

ကျရှုံးသောလူတွေကို ပြန်လည်ပြုပြင်ဖြည့်ဆည်းသော ဘုရားသခင်၏ လုပ်ဆောင်ချက်ပုံစံထဲတွင် စည်းစနစ်ဖြင့် သန့်ရှင်းစေပါသည်။ ဤနေရာတွင် ကျွန်ုပ်တို့က ရှောင်ကျဉ်ရမည့်အချက်ကနှစ်ခုရှိပါသည်။ မိမိကိုယ်မိမိမကျေနပ်ခြင်းနှင့် စိတ်ပျက်အားလျော့ခြင်းတို့ဖြစ်ပြီး ဤအရာက ဘုရားသခင်ကကျွန်ုပ်တို့ကိုပေးသောစည်းစနစ်အား လက်လျော့ စေနိုင်ပြီးကြီးမားသော အန္တရာယ်ကို ဖြစ်စေနိုင်ပါသည်။အခြေအနေတစ်ခုကိုဆန့်ကျင်တော်လှန်စေနိုင်ပါသည်။

ဤအချက်ထဲမှ တစ်ခုခုက ဘုရားသခင်၏စင်ကြယ်သန့်ရှင်းခြင်းလက္ခဏာတိုးတက်ခြင်းကိုသာကွယ်ပျောက်စေယုံသာမကပြည့်စုံသောစင်ကြယ်သန့်ရှင်းခြင်းနည်းလမ်းဖြင့်ရရှိသော အရာကိုလည်းဆုံးရှုံးစေပါသည်။ဘုရားသခင်က ကားတိုင်၊ အသွေးတော်နှုတ်ကပတ်တော် နည်းစနစ်ဖြင့် ကျွန်ုပ်တို့ကို စင်ကြယ်စေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့က စိတ်ပျက်အားလျော့ခြင်းမရှိဘဲယုံကြည်ခြင်းဖြင့်သူ့ကို ကိုးစားလျှင် ဧဖက်တွင်ဖော်ပြသည့် အတိုင်း ပြည့်စုံနိုင်ကြမည်ဖြစ်ပါသည်။ အချင်း ယောဟန်ကျွန်းတို့ ခရစ်တော်သည် အသင်းတော်ကိုချစ်တော်မူသကဲ့သို့ သင်တို့လည်းကိုယ့်ခင်ပွန်းကိုချစ်ကြလော့။ ထို အသင်းတော်သည် သန့်ရှင်းလျက်အပြစ်ကင်းလျက်ရှိသည်ဖြစ်၍ အညစ်အကြေး တင်ခြင်း၊ အရေတွန့်ခြင်းမှ စသည်တို့နှင့် လွတ်လပ် သဖြင့် အသရေတင့်တယ် လျက်ရှိသောအသင်း တော်ကို ခရစ်တော်သည် မိမိအားဆက်သအံ့သောဉာနှုတ်ကပတ်တော်ရေခဲ့ဆေးကြောခြင်းအားဖြင့်စင်ကြယ်သန့်ရှင်း စေမည် အကြောင်းထိုအသင်းတော်အဘို့အလို့ငှာကိုယ်ကို ကိုယ်စွန့် တော်မူ၏။ (ဧဖက် ၅:၂၅-၂၇)

ကျွန်ုပ်တို့အပြစ်များဝန်ခံကောင်းပန်ရန်လို့အပ်ကြောင်း

The Need To Confess Our Own Sins

By D. L. Moody

ကိုယ့်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင်ငါတို့အပြစ်များကို လွတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင် စေခြင်းငှာ ဘုရားသခင်သည်သစ္စာတရားနှင့် လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်း ကောင်း ပြည့်စုံတော်မူ၏။ (၁ယော ၁:၉)

မိမိအပြစ်ကိုဝှက်ထားသောသူသည်ချမ်း သာမရ၊ မိမိအပြစ်ကိုဖော်ပြဝန်ချ၍စွန့်ပစ်သောသူမူကားကရုဏာတော်ကိုခံရလိမ့်မည်။(သုတ္တံ ၂၈:၁၃) အချင်းချင်းတစ်ယောက်နှင့်တစ်ယောက်ကိုယ့်အပြစ်ကိုဖော်ပြတောင်းပန်ကြလော့ချမ်းသာရမည့်အကြောင်းအချင်းချင်းတို့ အဘို့ဆုတောင်းကြလော့ သူတော်ကောင်းဆုတောင်း၍ အရှိန်ကြီးသော လက္ခဏာသည်အလွန်တန်ခိုးပါ၏ (ယာကုပ် ၅:၁၆)

ကျွန်ုပ်တို့ခရစ်ယာန်များအနေဖြင့်အပြစ်များကို ဝန်ချခြင်းသည် ကောင်းမြတ်သောအရာ တစ်ခုကိုလုပ်ဆောင်ခြင်းဖြစ်သည်ဟုကျွန်ုပ်ယုံကြည်မိပါသည်။ သမ္မာကျမ်းစာကိုပြန်လည်စမ်းစစ်မည်ဆိုလျှင် အပြစ်ဝန်ချသောသူများကဘုရားသခင်နှင့်ပိုမိုနီးကပ်ကာသူ၏ပြည့်စုံ

သောတန်ခိုးကိုခံစားကြရသည့် အကြောင်းကို တွေ့ရှိကြရမည်ဖြစ်သည်။ ဒံယေလကသူ့ အပြစ်နှင့်သူ့ လူမျိုးများ၏ အပြစ်များကိုဝန်ချခဲ့ပါသည်။ ဤအချက်နှင့် ပတ်သတ်ပြီးသူ့ကိုဆန်ကျင်သည့်မှတ်တမ်းကိုမတွေ့ရပါ သူသည်လောကဌ္ဌာရိသောအကောင်းဆုံးသူတွေထဲမှတစ်ဦး ဖြစ်ခဲ့ပါသည်။အထူးသဖြင့်သူ၏နှိမ့်ချ စွာအပြစ်ဝန်ခံခြင်း မှတ်တမ်း ကိုတွေ့ရှိရပါသည်။ဒံယေလ ဝန်ချတောင်းပန်သောစကားများကိုကိုးကားသည့် စာအုပ်များကိုလည်း တွေ့ရှိရပါသည်။

ဤ စကားလုံးများထဲတွင်သူ့လူမျိုးများ၏ အပြစ်အတွက်ဝန်ချတောင်းပန်သည့် သုံးနှုန်းချက်တွင် အခြေအနေခြောက်မျိုးကိုတွေ့ရှိနိုင်ပါသည်။ပထမ ကျွန်ုပ်တို့အပြစ်ပြုမိကြပါသည်။ ဒုတိယ ကျွန်ုပ်တို့၏ မကောင်းမှုနှင့်ဒုစရိုက်ကိုကျူးလွန်မိကြပါသည်။တတိယ ကျွန်ုပ်တို့ မတရားသဖြင့်ကျင့်မိကြပါသည်။ စတုတ္ထ ကျွန်ုပ်တို့ ကိုယ်တော်ကိုပုန်ကန်မိကြပါသည်။ပဉ္စမအချက် ကျွန်ုပ်တို့ ဆင်ယင် ထုံးဖွဲ့တော်မူသောတရားလမ်းမှာလွဲမိကြပါပြီ ဆဋ္ဌမအချက်-ကျွန်ုပ်တို့၏ရှင်ဘုရင်မင်းသား၊ အသက်ကြီး သူမှစ၍ပြည်သူပြည်သားအပေါင်းတို့က ကိုယ်တော်၏ ကျွန် ပရောဖက်တို့၏ စကားများကို နားမထောင် ဘဲနေကြပါပြီဟူ၍ဖြစ်ပါသည်။ (ဒံယေလ၉၊၅-၆) အထက်ပါ ဒံယေလဝန်ချခဲ့ သောကျူးလွန်မှု (၆)ချက်သည် ကျွန်ုပ်တို့ အတွက်အထူးတွေးတောဖို့ရန်လိုအပ်သောအရာပင် ဖြစ်ပါသည်။

ယောဘက သန့်ရှင်းသောသူ တစ်ယောက်ဖြစ်သည့် အချက်ကိုတော့သံသယရှိစရာမလိုသောအရာဖြစ်ပါသည်။သို့သော်သူကမြေကြီးတွင်လူးလဲလျှက်သူ၏ အပြစ်များကိုဝန်ချတောင်းပန်ခဲ့ပါသည်။(ယောဘ ၄၂:၆) သမ္မာကျမ်းစာကို ကြည့်ရှုလျှင်တွေ့ရှိနိုင်ပါသည်။

ဟေရှာယက ဘုရားသခင်၏ စင်ကြယ်သန့်ရှင်းခြင်းကိုမြင်တွေ့သောအချိန်တွင်ဘုရား သခင်၏ စစ်မှန်သောအလင်းထဲတွင် သူကိုယ်တိုင်ကအမေးငိုက်လျက်ပြောဆိုခဲ့သည့် စကားမှာငါကလဲငါ၌အမင်္ဂလာ ရှိ၏ ငါအကျိုးနဲပြီးအကြောင်းမူကားညစ်ညမ်းသော နှုတ်ခမ်းရှိလျှက်ညစ်ညူးသော နှုတ်ခမ်းရှိသောလူမျိုးတွင် နေလျှက်ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရ ဘုရားတည်းဟူသောရှင်ဘုရင်ကို ကိုယ့်မျက်စိနှင့်မင်လေပြီ တကားဟု ဆိုလေသည်။ (ဟေရှာယဖ:၅)

ကျွန်ုပ်တို့လက်ခံယုံကြည်သည့်အရာမှာ ဘုရားသခင်၏ အသင်းတော်ကကြီးမားသောအလုပ်တစ်ခုခု မလုပ်ဆောင်ခင် သူမ၏အပြစ်များကို ဝန်ချဖို့ရန်လိုအပ်သည့် အချက်ပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ယုံကြည်သူများအကြား၌ ကြီးမားသောအလုပ်ကို လုပ်ဆောင်ရမည်ဖြစ်သောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ယခုအချိန်သည် ဘုရားမသိသောသူတွေထံသို့ သတင်းကောင်းဝေငှပြောကြားရမည့်အချိန်ပင်ဖြစ်ပါသည်။ ဘုရားသခင်၏ အသင်းတော်ကို ကျွန်ုပ်တို့က အဆင့်တိုးမြှင့်မည်ဆိုလျှင်ထောင်ပေါင်းများစွာသောလူစုကနိုင်ငံတော်ထဲသို့ရောက်ရှိလာကြမည်ဖြစ်ပါသည်။

တရားစီရင်ခြင်းကို ကျွန်ုပ်တို့မှစတင်ရမည်။

ယခုနေ့ရက်များတွင်အသင်းတော်၌ စစ်မှန် သောနိုးထမှုများဖြစ်ပေါ်လာဖို့အရေးသည်ကျွန်ုပ်တို့၏ လိုလားချက်ပင်ဖြစ်ပါသည်။ ကျွန်ုပ်စိတ်မသက်မသာ ဖြစ်မိသော အရာမှာအေးခဲနေသောပုံစံတစ်ခုနှင့်ဘုရား သခင်က လက်လှမ်းမိမည့်အရေးကိုပင်ဖြစ်ပါသည်။ ဘုရား သခင်၏ တရားစီရင်ခြင်းသည်ကျွန်ုပ်တို့ကအစပြုခံစားရမည်ဖြစ်သည်။(၁ပေ၄:၁၇) သင့်အနေဖြင့် ဒံယေလ၏ ဝန်ချ တောင်းပန်ခြင်းကြောင့်အံ့သြ ဘွယ်ရာ အဖြေရရှိသည့် အဖြစ်ကို

ဒံယေလအခန်းကြီး(၉)တွင် တွေ့ရှိရမည်ဖြစ်ပါသည်။ ဤအပိုဒ်ကကျမ်းစာအချက်များထဲမှကောင်းမွန်သော ကျမ်းစာ အပိုဒ်တစ်ပိုဒ်ဖြစ် သည်ဟု ဆိုချင်ပါသည်။

ဤသို့ဆုတောင်းပဌာနာပြု၍ကိုယ့် အပြစ်ကိုငင်းအမျိုးသားချင်ကသရေလလူတို့၏အပြစ်ကို ငင်းထောက်ပြတောင်းပန်၍ ငါကိုးကွယ်သော ဘုရားသခင်၏ သန့်ရှင်းသောတောင်တော်အဘို့ငါပြုသောပဌာနစကားကို ငါ၏ဘုရားသခင် ထာဝရရှေ့တော်၌ ဆက်ကပ်လျက်နေ၍ ကောင်းသောအမှုအပြီးမှီမြွက်ဆို စဥ်တွင်ယခင်ဗျာဒိတ်ရူပါရုံ၌ ထင်ရှားသောသူ ဂေဗေလသည် လျင်မြန်စွာပျံ၍ လာသဖြင့် ညဦးယံပူဇော်ချိန်၌ ဒံယေလငါသည် သင်၌ ဉာဏ် ပညာတိုးပွားစေမည်အကြောင်းထွက်လာပြီးဟု ဆိုလေ၏ (ဒံယေလ၉-၂၀-၂၂)

ယောဘကလည်း သူ့အပြစ်ကိုဝန်ချသောခါ ဘုရားသခင်ကသူ့စကားကို ကြားနာကြပြီး ချည်နှောင် ခြင်းကိုပြေလျော့စေခဲ့ပါသည်။ (ယောဘ ၄၂ ၊ ၁၀) ကျွန်ုပ်တို့ ကလည်းကျူးလွန်မိခဲ့ကြသောမကောင်းမှု ဒုစရိုက်များကို စွန့်ပစ်ကာ နေရာမှန်ဖြစ်သောသူ၏ ရှေ့မှောက်သို့ ပြန်လှည့်လာကြသောအခါကျွန်ုပ်တို့၏ချည်နှောင်မှုများကို ဘုရားသခင်ကနားစွန့်ပေးမည်ဖြစ်ပါသည်။ ဟေရှာယကဘုရားသခင်၏ရှေ့မောက်သို့ပြန်လှည့်လာကြသော အခါ ကျွန်ုပ်တို့၏ ချည်နှောင်မှုများကိုဘုရားသခင် နားစွန့်ပေးမည်ဟုပြောဆိုခဲ့ပါသည်။ဟေရှာယကဘုရား သခင်၏ ရှေ့မှောက်တွင်ပြောဆိုသောအရာကား ဤအချက်ပင်ဖြစ်ပါသည်။ ထိုအခါကောင်းကင်တမန် တစ်ပါးသည် ယစ်ပလွင်ပေါ်ကမီးညှပ်ဖြင့်ယူသောမီးခဲတစ်ခဲကိုလက်နှင့်ကိုင်လျက် ငါရှိရာသို့ပျံလာ၍ငါ့နှုတ်ကိုတို့ပြီးလျှင် သင်၏နှုတ်ခမ်းကိုထိတွေ့ပြီးသင်၏ဒုစရိုကကိုသုတ်သင်ပြီး သင်၏ အပြစ်ကိုလည်းဖြေရှင်း ပြီးဟုဆိုလေသည်။

ဒါဝိတ်ကကျွန်ုပ်အပြစ်ပြုမိပါပြီဟုပြောဆိုပြီး ဘုရားသခင်ကသူ၏ ဂရုဏာကိုပြသခဲ့ပါသည်။(ဒုတိယ ၁၂ ၊၁၃) တဖန် အကျွန်ုပ်သည် ကိုယ့်အပြစ်ကိုရှေ့တော်၌ ဝန်ချပါ၏။ ပြုမိသောဒုစရိုက်ကိုဝှက်၍မထားပါငါ ကျူးလွန်သောအရာကိုထာဝရဘုရားအားဖော်ပြတောင်း ပန်မည်ဟု ပြောဆိုသောအခါကိုယ်တော်သည် ကျွန်ုပ်ပြစ်မှားသော အပြစ်ကို လွှတ်တော်မူ၏(ဆာလံ ၃၂၊၁၅)

ကျွန်ုပ်လွန်ကျူးပါပြီဟု ဝန်ချလျှက် ကိုယ့်အပြစ်ကို အစဉ်မပျက် အောက်မေ့လျှက် နေပါ၏ ကိုယ်တော်ကိုပြစ်မှားပါပြီ ကိုယ်တော်ကို သာပြစ်မှား၍ မျက်မှောက်တော်၌ပင် မတရားသောအမှုကို ပြုပါပြီ သို့ဖြစ်၍ မိန့်တော်မူချက်သည်ဖြောင့်ပါပြီတရားစီရင်တော်မူချက်သည်အပြစ်လွတ်ပါ၏ (ဆာလံ ၅၁၊၃-၄)ဤနေရာတွင် ဆင်ခြင်ရမည့်အချက်မှာရှင်လုကာထဲမှပျောက်သော သားနှင့်ဒါဝိတ်၏ ဝန်ချတောင်းပန်ခြင်းကဆင်တူနေသည့်အချက်ပင်ဖြစ်ပါသည်။ (လုကာ၁၃၊၂၁)

မျက်နှာမလိုက်သော ဘုရားသခင်

ဘုရားသခင်၏ဝိညာဉ်တော်က အပြစ်စီရင်ဖို့ ရန်ရောက်လာသောအခါရှင်ဘုရင်နှင့် သူတောင်းစားဟူ၍ခွဲခြားခြင်းမရှိပါ Richard Sibbes Quaintly က ဝန်ချခြင်းအကြောင်းကို ဤကဲ့သို့မှတ်ချက်ပြုခဲ့ပါသည်။ ဘုရားသခင်ထံသို့ကျွန်ုပ်တို့၏စိတ်နှလုံးကို ဖွင့်ချသောအခါသူ၏ဘုန်းအာနုဘော်ကိုပေးကမ်းသော နည်းလမ်းဖြစ်ပါသည်။ စာတန်ကလည်းကိုယ့်ကိုကိုယ်ဆန့်ကျင်မည့်နည်းလမ်းကိုချထားနိုင်ပါသည်။ထို့ကြောင့်စီရင်ချက်ချမည့်နေ့တွင်ကျွန်ုပ်တို့စိတ်အားလုံးအပေါ် စာတန်လုပ်ဆောင်လာမည့် အချက်ကို ဆင်ခြင်သတိပြုမိရန်ဖြစ်သည်။ကျွန်ုပ်တို့၏စိတ်နှလုံးကို သူကမာကျော

အောင်ချထားမည်ဖြစ်သည်။ကျွန်ုပ်တို့ကသူချထားနိုင်မည့်အရာကိုစီစစ်ဖို့ရန် ဖြစ်သည်။

ငါတို့သည် ကိုယ့်ကိုကိုယ်စစ်ကြောစီရင်လျှင်စစ်ကြောစီရင်တော်မူခြင်းနှင့်ကင်းလွတ်ကြလိမ့်မည်။ (ယောန၁၊၁၅)အာခမ်းကိုကျောက်ခဲနှင့် ပစ်သတ် ကြသောအခါပလိတ်ရောဂါရပ်တန့်သွားပါသည်။(ယောရှု၇၊၂၅-၂၆) ဤနေရာတွင်စိတ်၏ငြိမ်သက် ချမ်းသာခြင်းကလိုက်လာပြီးသင်၏စိတ်ဝိညာဉ်တွင်အံ့သြဘွယ်ရာသက်သာ ခြင်းကိုခံစားရမည်ဖြစ်သည်။

Thomas Fullerကလူတွေက သူအားနည်းချက်ကို ဝန်ခံခြင်းသည် ဘုရားသခင်အတွက်သိုလှောင်ကုန် တစ်ခုကဲ့သို့ဖြစ်ပြီးထိုနေရာတွင်သူ၏ မစခြင်းကျေးဇူးတော်ကို ဝင်လာစေပါသည်။

ဘုရားသခင်ရှေ့တွင်ဝန်ချခြင်းက နှိမ့်ချခြင်းကို ပေါ်လွင်စေကာဆုတောင်းတစ်ခုကိုဖြစ်စေခြင်းအပြစ်ဝန်ချခြင်းကယုံကြည်သူများအကြားတွင်လိုအပ်သလိုမယုံကြည်သူများအကြားတွင်လည်းလိုအပ်သောအရာဖြစ်ပါသည်။ ဤအရာကားအချည်းအနှီးမဖြစ်ဖူးပါ။

ယခုတွင်ကျွန်ုပ်တောင်းတသည့်အရာတစ်ခုမှာ အပြစ်၏ ဆိုးကျိုးကို ကျွန်ုပ်တို့သိရှိနိုင်ဖို့ရန် ဘုရား သခင်ကသူ၏ သားသမီးများအပေါ်ပြန်လည် ဖွင့်ပြဖို့ ရန်ပင်ဖြစ်ပါသည်။ ထို့ကြောင်ကျွန်ုပ်တို့၏ စိတ်နှလုံးကို ဘုရားသခင်ကစစ်ကြောဖို့ရန်ဆုတောင်းကြပါစို့(ရှင်မသဲ ၅း၂၉_၃၀)တွင်ဘုရားသခင်နှင့်လျောက်လှမ်းနိုင်ဖို့ရန်အတွက် လက္ခဏာမျက်စိ ဖြစ်သော်လည်း သင့်ကိုမှားယွင်းစေလျှင်ထိုမျက်စိကိုထုတ်ပစ်လေ့ထိုနည်းရှေ့ လက္ခဏာလက်ဖြစ်သော်လည်းသင့်ကိုမှားယွင်းစေလျှင်ထိုလက် ကို ဖြတ်ပစ်လေ့တစ်ကိုယ်လုံးငရဲချခြင်းကိုခံရသည် ထက်အင်္ဂါတစ်ခုသာပျက်သော်သာ၍ ကောင်းသည်ဟုဖော်ပြထားပါသည်။

ဝန်ချခြင်းသည်အပြစ်ကို မေ့လျော့ခြင်းဖြစ်ပါသည် အပြစ်ကိုမမေ့နိုင်ခြင်းကမိုက်မဲခြင်းနှင့်ဆိုသွမ်းခြင်း ဖြစ်ပြီးလောကကိုအပြစ်ကျိန်စာသင့်စေပါသည်။အပြစ်၌ ကျင်လည်နေသောသူတစ်ယောက်ကဖြောင့်မတ်ရိုးသားသည်ဟုဖော်ပြသော ကျမ်းကိုသင်တွေ့ရှိမည်မဟုတ်ပါ သို့သော် ဘုရားသခင်ကသူ့အပေါ်ဖြောင့်မတ်ပြီးကောင်း ချီးပေးပါသည်။ ဘုရားသခင်နှစ်သက်တော်မူသောယစ် ကားကျိုးပဲ့ကြေမွသောစိတ်ပေတည်း။(ဆာလံ၅၁၊၁၇) စိတ်နှိမ်ချသောသူနှင့် နှလုံးကြေကွဲသောသူတို့၏ စိတ် ဝိညာဉ်အသက် ရှင်စေခြင်းငှာကြေကွဲနှိမ့်ချသော စိတ်သဘောရှိသူတို့၌လည်းငါနေ၏ (ဟေရှာယ ၅၇ ၊၁၅) မတရားသောသူပူဇော်သောယစ်ကိုထာဝရဘုရားစက်ဆုပ်ရွံရှာတော်မူ၏ သဘောဖြောင့်သောသူဆုတောင်းသောပဌာနကိုကားနှစ်သက်တော်မူ၏ (သုတ္တံ ၁၅၊ ၈)

ဒါဝိတ်ဆုတောင်း ပဌာနပြုချက်ကို ပြန်လည်ဆင်ချင်ကြမည် ဆိုလျှင် -အို ဘုရားသခင်ကျွန်ုပ်ကိုစစ်ကြော ၍ ကျွန်ုပ်၏နှလုံးကို သိမှတ်တော်မူပါစုံစမ်း၍ စိတ်အထင်များကိုသိမှတ်တော်မူပါ (ဆာလံ ၁၃၉ ၊၂၃) ဟုတွေ့ရှိပါသည်။ အားလုံးက ဤဆက်ကပ်သည် ကျမ်းပိုဒ်ကိုသတိရ စေလိုပါသည်။ အကယ်၍ ကျွန်ုပ်တို့ကတစ်နေ့ တစ်ကြိမ် ဤဆုတောင်းချက်ကို လုပ်ဆောင်မည်ဆိုလျှင်ကျွန်ုပ်တို့အသက်တာအတွက်အခွင့်ကောင်းကို ရရှိကြမည်ဖြစ်ပါသည်။

ကျွန်ုပ်အိမ်နီးချင်းထက် အကျွန်ုပ်ကိုစိစစ်ပါ

အခြားသောလူတွေအတွက် ကျွန်ုပ်တို့က အချိန်ကို လွယ်ကူစွာပေးနိုင်သော်လည်းကိုယ်မိသားစု အတွက်ပေးဖို့ရန်ခက်ခဲတက်သည်။ ကိုယ့်ရဲ့စပျစ်ခြံကို လျစ်လျူရှု

ကာအမူတော် လုပ်ငန်းထဲတွင်အမြဲအချိန် ကုန်တက်သော သူများဖြစ်မည့်အရေး ကိုယ်တော့ကျွန်ုပ် ကစိုးရိမ်မိပါသည်။(စောလမွန်သီချင်း၁:၆)ဤ သီချင်းကသူ ကိုယ်ရိုင်း၏ အခြေအနေပင်ဖြစ်သည်။ ကိုယ့်ကို ကိုယ် စီစစ်ခြင်းနှင့် ဘုရားသခင်ကကျွန်ုပ်တို့ကို စစ်ကြောခြင်း၍ နှစ်ခုအကြားခြားနားမှုတစ်ခုရှိပါသည်။ ကျွန်ုပ်ကမိမိ ကိုယ်မိမိစစ်ကြောပြီးကောင်းသည်ဟုထင်မြင်နိုင်ပါသည်။ သို့သော်ဘုရားသခင်ကတော့ ဖယောင်းတိုင် မီးကဲ့သို့ အလင်းတရားဖြင့် စစ်ကြောသောကြောင့်မီးရောင်အောက်တွင် ကောင်းသောအရာများစွာပေါလွင်လာမည်မလာမည်ကိုတော့ ကျွနုပ်က မသိပါ။

ကျွန်ုပ်၏ စိတ်အတွေးကိုသိမြင်ပါ။ ဘုရား သခင်ကစိတ်အတွေးကိုစစ်ကြောပါသည်။ကျွန်ုပ်တို့တွေးတောချက်များဖြူစင်ပါသလား။ ကျွန်ုပ်တို့ စိတ်နှလုံးမှထွက်လာသောအတွေးများကဘုရားသခင် (သို့) လူတွေ ကို ဆန့်ကျင်ပါသလား။ တစ်ဦးတစ်ယောက်ကိုတော့ ဆန့်ကျင်ပါသလား။ဘုရားသခင်အမြင်တွင်ကျွန်ုပ်တို့ မမှန်ကန်ပါကကျွန်ုပ်တို့စစ်ကြောပါစေ။ဒါဝိတ်၏ဆု တောင်းချက်ထက်သာ၍ကောင်းသောအချက်ကိုတောင်းလျှောက်ဖို့ ရန် ကျွန်ုပ်မသိပါ၊ ဘုရားသခင်ကကျွန်ုပ်တို့ကို စစ်ကြောမည် ဆိုလျှင်ကျွန်ုပ်တို့အသက်တာ၌ဝန်ချ စရာများစွာရှိ လိမ့်မည်ဟုထင်မြင်မိပါသည်။ ဘုရား သခင်၏ ပညာတ်ချက်နှင့် စီစစ်ကြမည်ဆိုလျှင် ကျွန်ုပ်တို့ ပြောင်းလဲပြုပြင်ရမည့် အရာကများစွာရှိလမ့်မည်ဟု ယုံကြည်ပါသည်။ကျွန်ုပ်တို့ ဆိုးသွမ်းမှားယွင်းသောလမ်းလျှောက်လှမ်း နေမည်ဆိုလျှင် ဘုရားသခင်ကစစ်ကြောပြီး သိမြင်နိုင်ဖို့ ရန် အတွက် ဆုတောင်းကြပါစို့။သမ္မာကျမ်းစာထဲ၌လဲကျသောသန့်ရှင်းသောလူတွေ၏အဖြစ်အပျက်များကကျွန်ုပ်တို့အသက်တာတွင် သူတို့၏အမှားများကိုတွေရှိကာဆင်ခြင်နိုင်ဖို့ရန် လမ်းညွှန်ခြင်းဖြစ်ပါသည်။ထို့ကြောင့်ဒါဝိတ်၏ဆုတောင်းချက်ဖြစ်သော ဆာလံ၅၁ ကိုတင်ပြလိုပါသည်။

အိုဘုရားသခင်ရွေပြုလိုသောစေတနာစိတ်ရှိသည့်အရိုင်းကျွန်ုပ်ကိုသနားတော်မူပါစုံမက် တော်မူခြင်းနှင့် ဂရုဏာများပြားသည်နှင့်အညီအကျွန်ုပ်လွန်ကျူးခြင်းအပြစ်ကိုပြေတော်မူပါ ဒုစရိုက်အညစ်အကြေးကိုအကုန်အစင်ဆေးကြော၍ကျွန်ုပ်ကိုသန့်ရှင်း စေတော်မူပါ။ ကျွန်ုပ်လွန် ကျူး ပါပြီဟုဝန်ခံ လျက် ကိုယ့်အပြစ် ကို အစဉ်မပျက်အောက်မေ့လျက်နေပါ၏ကိုယ်တော်ကိုပြစ်မှားပါပြီကိုယ်တော်ကိုသာပြစ်မှား၍မျက်မှောက်တော်၌ ပင်မတရားသောအမူကိုပြုပါပြီသို့ဖြစ်၍မိန့်တော်မူ ချက်သည်ဖြောင့်ပါ၏အကျွန်ုပ်ကို စင်ကြယ်စေခြင်းငှာ သူသည် ပင်ညွှန့်နှင့်သန့်ရှင်းခြင်းမင်္ဂလာကိုပေးတော်မူပါ အကျွန်ုပ်ကို မိုးပွင့်ထက်သာ၍ဖြူစေခြင်းငှာဆေးကြောတော်မူပါ စိတ်သက်သာဝမ်းမြောက်ခြင်းရှိမည်အကြောင်း စကားကို အကျွန်ုပ်အား ကြားစေတော်မူပါ သို့ပြုလျှင်ချိုးဖောက်တော်မူသောအဆိုးတို့သည်ရွှင်မြူးခြင်းရှိကြပါလိမ့်မည်။ အကျွန်ုပ်၏ လွန်ကျူးခြင်း ဒုစရိုက်တို့မှမျက်နှာတော်လွှဲ၍ အကျွန်ုပ်အပြစ်ရှိသမျှတို့ကိုပြေတော်မူပါ အိုဘုရားသခင် အကျွန်ုပ်ထဲ၌စင်ကြယ်သော်နှလုံးကို ဖန်ဆင်းတော်မူပါမြဲမြံတည်ကြည်သောသဘောကို အသစ်ပြုပြင်တော်မူပါ အကျွန်ုပ်ကိုအဆောင်တော်ထဲမှနှင်ထုတ်တော်မမူ ပါနှင့်သန့်ရှင်းသောဝိညာဉ်တော်ကို ရုတ်သိမ်းတော်မမူပါနှင့် ကယ်တင်တော်မူခြင်းနှင့်ယှဉ်သော ဝမ်းမြောက်ခြင်းအခွင့်ကိုပြု၍ ပေးသနားတော်မူပါကြည်ညိုသော စေတနာစိတ်သဘောသည်မတရားသောသူတို့အား တရားလမ်းကို ပြသသွန်သင်ပါမည်။ အပြစ်ရှိသောသူတို့သည် ကိုယ်တော်ထံသို့ပြန်ကြပါလိမ့်မည်။ (ဆာလံ ၁.၄,၇-၁၃) အကျွန်ုပ်မိတ်ဆွေတစ်ဦးက ဤ ဆုတောင်းချက်ကိုအပတ်တိုင်းတွင်အဖန်ဖန်အလုပ်ပြုကာဆုတောင်း

ခဲ့သည် ဟုပြောဆိုပါသည်။ ပုံမှန်သာကျွန်ုပ်တို့ အသုံးပြု နိုင်မည်ဆိုပါကကောင်းသောလုပ်ဆောင်ချက်ဖြစ်သည်။ နှလုံးသားဖြင့်ထုတ်ဖော်ကြပါစို့ကျွန်ုပ်တို့ကမာနကြီးလျက် ချက်ချင်းဝန်မခံနိုင်ပါက ဘုရားမသိသောသူများ၏ လိုအပ် နေသောအသက်တာကိုချက်ချင်းမြင်ယောင်လိုက်ပါအ ဘယ်ကြောင့်ဆိုသော်မိဘများကနေအိမ်တွင်ဝင်ချလျက် သန့်ရှင်းသောဝိညာန်တော်ပြည့်ဝဖို့ရန်ဆုတောင်း သော အခါ၌သားသမီးများကလည်း ဤသို့ပင်အတုယူကျင့် ဆောင်လာရမည့်ဖြစ်သည်။

ရှင်လုကာ သတိပေးသလိုပင်ခံယူမတူသော သူများရေးထားသောစာအုပ်များဖြင့်ယနေ့တွင် ခရစ်ယာန် အသင်းတော်ကသာ၍ လုပ်ဆောင် ကြသည်ဟု ထင်မြင် မိပါသည်။ ဤသို့အေးစက် သေဆုံးနေသောပို့ချ ချက်လုပ် ရိုးလုပ်စဉ်များအတွက်စိုးရိမ်ကြောင့်ကြမူကတော့ မရှိပါ ပင်သေ ကုတ္တနေ့၌ တပည့်တော်များကဲ့သို့ ဆုတောင်း စည်းပေးခင်းဖြင့်ဤလုပ်ဆောင်ချက်တစ်ခုလုံးကလှုပ်ခါ ပျောက် ပျက် သွားလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ လိုအပ် ချက်မှာ ဘုရားသခင်ကို စွဲကိုင်ကာ ဆုတောင်းလို သော ဆန္ဒရှိဖို့ရန်သာဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် အရေးကြီး သောဒေသနာတိုက်တွန်းခြင်းကိုမလုပ်ဆောင်သေးပါ။ ကျွန်ုပ်တို့၏ လက်သည်လောကကို လက်လှမ်းရန်ဖြစ် သည်။ လုပ်ဆောင်မည်ဆိုပါက ဘုရားသခင်၏ရှေ့တွင် အမှန်တရားကိုရှင်းလင်းဖို့ရန်ဖြစ်သည်။

အကြောင်းမူကား ကိုယ်စိတ်နှလုံးသည် ကိုယ့်ကို အပြစ်တင်လျင် ဘုရားသခင်သည်ငါတို့၏ စိတ်နှလုံး ထက်သာ၍ ကြီးမြတ်သည်ဖြစ်၍ အလုံးစုံ တို့ကိုသိမှတ် တော်မူသည်ကိုငါတို့သိကြ၏ချစ်သူတို့ ကိုယ်စိတ်နှလုံးကို အပြစ်မတင်လျှင် ဘုရားသခင်၏ ရှေ့တော်၌ ရဲရင့်သော အခွင့်ကြ၏ ငါတို့သည် ပညတ်တော်တို့ကို စောင့်ရှောက်၍ နှစ်သက်တော်မူသောအကျင့်တို့ကို ဘုရားသခင်ထံမှ ရကြ၏။

သတို့သမီးအဆင်သင့်ဖြစ်ပြီလား

(Is The Bride Ready?)

By Dave Butts

မင်္ဂလာခန်းမတွင် ဖယောင်းတိုင်မီးများကတောက် ပကာတေဂီတာသီချင်းများဖြင့် စိတ်ဝင်စားဖွယ်ရာ အထွေထွေဖြင့်ရှိနေပါလိမ့်မည်။သို့သော်အရေးကြီး သည့် အချက်တစ်ခုမှာ အခြားသောအရာများကမည်သို့ ပင်ရှိစေကာမူသတို့သမီးကအဆင်သင့်မဖြစ်မချင်းမင်္ဂလာ ဆောင်ကိုတော့စတင်နိုင်ကြမည်မဟုတ်ပါ။ ယခုတလော ဘုရားသခင်ကကျွန်ုပ်ကိုနှိုးဆော်သည့်နေရာ များသတို့သမီးကသူမ၏ မင်္ဂလာဆောင် နေ့ရက်အတွက် ပြင်ဆင်ရမည့်အချက် ပင်ဖြစ်သည်။ (ဗျာဒိတ် ၁၉-၇-၈)

ငါတို့သည် ဝမ်မြောက်ရွှင်လန်းကြအုန်အံ့ ဂုဏ် တော်ချီးမွမ်းကြကုန်အံ့ အကြောင်းမူကာသူ၏ မင်္ဂလာ ဆောင်ပွဲကိုစံချိန်ရှိပြီးသူ၏ မိန်းမသည်ကိုယ်ကို တန်ဆာ ရင်ပြီ စည်ဝေးသောသူအများတို့၏ အသံ သမုဒ္ဒရာ အသံပြင်းစွာသောမိုးကြိုးသံကဲ့သို့ငါကြား၏ ထိုမိန်း မသည်စင်ကြယ်ပြောင်လက်သောပိတ်ချောကို ဝတ်ဆင် ရသောအခွင့်လိုရ၏ထိုပိတ်ချောမူကားသန့်ရှင်းသူတို့၏ ဖြောင့်မတ်ခြင်းဖြစ်သတည်း။

တကယ်စင်စစ်ဘုရားသခင်က သူ၏လူမျိုးများနှင့်လက်ထပ်ခဲ့သောပုံစံကာ ဓမ္မသစ်ကျမ်းနှင့်ဆန့်ကျင်ဖက် မဟုတ်ပါဓမ္မဟောင်းကျမ်းတွင် ကြရေလလူမျိုးများကိုသတိုးသမီးအဖြစ်မကြာမကြာကိုးကား ခဲ့ပါသည်။ယေရှုယကကလူပျိုသည် အပျိုကညာနှင့် လက်ထပ်သက့ဲသို့သင်၏သားတို့သည်သင်နှင့် လက်ထပ်ကြလိမ့်မည်မင်္ဂလာဆောင်လုလင်သည် မင်္ဂလာဆောင်သတို့သမီးနှင့် ဝမ်းမြောက်သက့ဲသို့ ပင်၏ ဘုရားသခင်၌ ဝမ်းမြောက်တော်မူလိမ့်မည်ဟုရေးသားဖော်ပြခဲ့ပါည်။ (မိမိကလည်း ဆက်လက်ပြီးအော်ဟစ်ရမည့် အရာဟူမူကား ထာဝရ ဘုရားကလယ်မလုပ်သောတောအရပ် ၌ သင်သည် ငါ့နောက်သို့လိုက်သောအခါ အသက်အရွယ်နုငယ်၍ ခံရသောကျေးဇူးကို ၎င်းထိမ်းမြား ပေးစားခြင်းနှင့် ယှဉ်သောချစ်ခြင်းမေတ္တာ ကို၎င်းငါ အောက်မေ့၏ အပျိုမသည် မိမိ၌ဆင်သော တန်ဆာကို၎င်း မင်္ဂလာဆောင်သတို့သမီးသည် မိမိခါးပန်းကို၎င်း မေ့လျော့နိုင်သလောသို့သော်လည်းငါ၏ လူတို့သည်မရေတွက်နိုင်အောင်များစွာသောကာလပတ်လုံးငါ့ကိုမေ့လျော့ကြပြီးဟုသောပုံစံကိုပေးခဲ့ပါသည်။

ဘုရားသခင်ကလူမျိုးများနှင့်ရင်းနှီးကျွမ်းဝင်လိုသောဆန္ဒများကို ယောက်ျားနှင့်မိန်းမစေ့စပ် ကတိပြုသည့် ပုံစံကိုအသုံးပြုကာအကောင်းဆုံးဖော်ပြခဲ့သည်။ သမ္မာကျမ်းစာတလျှောက်တွင်ဘုရားသခင်ကသူ၏ လူမျိုးများအတွက် နောက်ဆုံးရည်မှန်းထားသည့် သူ၏ ဆန္ဒကိုဖော်ပြခဲ့ပါသည်။

အသင့်ပြင်ဆင်ရမည့်အချိန်ရောက်ပြီ

ဘုရားသခင်နှင့်သူ၏လူမျိုးများ၏အကြောင်းနှင့်ဆက်စပ်ပြီးကျွန်ုပ်က ကျမ်းစာကိုလေ့လာသောအခါ သတို့သမီးက သူမမင်္ဂလာဆောင်ပွဲအတွက်ပြင်ဆင်ဖို့ရန်လိုအပ်သည့်အကြောင်းကိုပိုဆင်ချင်မိပါသည်။ကျွန်ုပ်တို့ကသခင်ပြန်လာမည့်အချိန် နှင့်နီးကပ်လာ သည်နှင့် အမျှ ဤအစီစဉ်သည် အထူးအရေးကြီး သောအချက်တစ်ခုပင်ဖြစ်ပါသည်။ ဗျာဒိတ် ၁၉:၇တွင်ပြင်ဆင်ရမည့် အချက်(၂)ခုကိုတွေ့ရှိရပါသည်။ ပထမအချက်မှာ ဤမင်္ဂလာဆောင်ပွဲအတွက် သူမက အသင့်ပြင်ဆင် ထားဖို့ရန်ဖြစ်ပြီး ဒုတိယအချက်မှာ သူမကိုယ်တိုင်က ပြင်ဆင်မှုကိုလုပ်ဆောင်သောသူ ဖြစ်ရမည်ဖြစ်သည်။ သိုးသူငယ်၏ မင်္ဂလာပွဲခံချိန်ရှိ ပြီသူ၏ မိန်းမသည်တန်ဆာဆင်ပြီ။

ယနေ့ကျွန်ုပ်တို့၏ အသင်းတော်ပုံစံကကောမင်္ဂလာဆောင်ဖို့ရန်အတွက်အသင့်ပြင်ဆင်ထားပါသလား။ သို့မဟုတ်ပြင်ဆင်ဖို့ရန်လုပ်ဆောင်နေသည့် အချိန် ဖြစ်ပါသလား။

ဤမင်္ဂလာဆောင်နေရက်အတွက်သတို့သမီးက ပြင်ဆင်ရ မည့်အချိန် ဖြစ်ပါသည်။

သတို့သားကိုတွေ့ဆုံဖို့ရန်သတို့သမီးပြင်ဆင်ရမည်ဟူသောစကား၏ ဆိုလိုရင်းအဓိပ္ပါယ်ကမည် သည့် အရာဖြစ်သနည်း။ ကျမ်းစာကိုဖက်ရှုလေ့လာပြီး ဖြေဆိုဖို့ရန်ဖြစ်ပါသည်။

သမ္မာကျမ်းစာကိုဖက်ရှုသဘောပေါက်ဖို့ရန် လိုအပ်သောအကြောင်းကိုတင်ပြလိုပါသည်။ အဘယ့် ကြောင့်ဆိုသော် ကျမ်းစာက ကျွန်ုပ်တို့ကို ထာဝရ အမှန်တရားအကြောင်းအားပြောပြသော ကြောင့်ဖြစ်ပါသည်။ ယနေ့မျက်မှောက်ထုံးတမ်းအစဉ်အလာများက တစ်ဦးနှင့်တစ်ဦး လက်ထပ်ပေါင်းသင်းခြင်း၏ ပုံစံနှင့် ဆီလျော်မှုသိပ်မရှိပါသို့သော်တစ်စုံတစ်ဦးအားပိုင်ဆိုင်သည့် အဓိပ္ပါယ်ကိုတော ့သဘောပေါက်ကြပါသည်။ ဤပိုင်ဆိုင်မှုသည်တရားဝင်ပေါင်းစည်းခြင်းတစ်ခုသာ

မဟုတ် ဘဲစိတ်ခံစားမှုကိုလည်းပေါင်း စည်းသည့် ချစ်ခင်တွယ်တာမှုတစ်ခုလဲဖြစ်ပါသည်။ အသင်းတော်က ခရစ်တော်၏ သတို့သမီးတင်မက ဘဲယေရှုကို ပိုင်ဆိုင်ဖို့ ရန်ဖြစ်ပါသည်။ ကာရာနီဒ် ပြည့်စုံခဲ့သောတရားဝင် ဥပဒေသ၏ အနှစ်သာရတစ်ခုမှာနှစ်လုံးသားရေးရာ တစ်ခုချစ်ခြင်းမေတ္တာ၏ ရင်းနှီးဆက်သွယ်မှုတစ်ခုပင် ဖြစ်ပါသည်။

ယနေ့တွင် ကျွန်ုပ်တို့ သိဆိုနေသည့်ယေရှုကိုကျွန်ုပ် ပိုင်ဆိုင်၏ဟူသောခမ္မသီချင်းကိုကျွန်ုပ်သတိရမိပါသည်။ ထို့ကြောင့်သူကိုကျွန်ုပ်တို့ကပိုင်ဆိုင်ပြီးချစ်ခြင်းမေတ္တာ ဆက်သွယ်ခြင်း၏သဘောသဘာဝကိုလည်းတည် ဆောက်မည့်အသင်းတော်၏ အချိန်ကရောက်ရှိပြီးဖြစ် ကြောင်းကိုထင်ရှားစွာအသိမှတ်ပြုကြဖို့ရန်ဖြစ်ပါသည်။

အပြစ်အနာအဆာနှင့်ကင်းစင်သော သတို့သမီး

ခရစ်တော်၏သတို့သမီးပြင်ဆင်ရမည့်အခြားအမှန် တရားအကြောင်းကို ပေတရုဒုတိယဆောင်တွင် ခရစ် တော်ဒုတိယအကြိမ်ပြန်လာမည့်အကြောင်းနှင့်တင်ပြ ခဲ့ပါသည်။ ချစ်သူတို့ သင်တို့သည် အညစ်အကြေးနှင့် ကင်းစင်၍ အဘယ်အပြစ်မျှမပါဘဲရှေ့တော်သို့ ငြိမ်ဝပ် စွာ ရောက်မည့်အကြောင်းကြိုးစား အားထုတ် ကြလော့ ဟုရေးသာ ခဲ့ပါသည်။ ရှင်ပေတရုကသူ၏ လူမျိုးများ ထံသို့ ခရစ်တော်၏မင်္ဂလာပွဲအတွက်သော်၎င်း ကျွန်ုပ်တို့ အားပြင်ဆင်ဖို့ရန် အတွက်သော်၎င်းရေးသားသော အရာ ပင်ဖြစ်သည်။ဤစာပိုဒ်၏အကြောင်းအရင်းတစ်ခုမှာ အသင်းတော်သို့ကြီးမားသောနိုးထမှု့ တစ်ခုရောက်ရှိ လာဖို့ရန်အတွက်ဖြစ်သည်ဟုယုံကြည်မိပါသည်။ပြုပြင် နိုးထသောအသင်းတော်တစ်ပါးဆိုသည်မှာအပြစ်ကို စွန့်ပစ်ပြီးနောင်တရကာအညစ်အကြေးကင်စင်သည့်ပုံစံ ကိုပြသခြင်းဖြစ်ပါသည်။ ပြုပြင်နိုးထသောအသင်း တော်က ခရစ်တော်၏အခွင့် အာဏာ (သို့) ဆက်ကပ် ခြင်းဖြစ်ပြီး သူမ၏သတို့ သားနှင့်အတူငြိမ်းချမ်းစွာ ရှင်သန်နေထိုင်ခြင်းပင်ဖြစ်ပါသည်။

တမန်တော်ယောဟန်က ပြင်ဆင်သော သတို့ သမီး တစ်ဦးကိုသူမ၏ရူပါရုံ၌မြင်တွေ့ခဲ့ပါသည်။ သန့် ရှင်း သောမြို့တော်တည်းဟူသောကျေရုစလင်မြို့သစ်သည် မိမိ ခင်ပွန်းအဘို့တန်ဆာဆင်သောမင်္ဂလာဆောင် သတို့ သမီးကဲ့သို့ ပြင်ဆင်လျှက်ဘုရားအထံတော် ကောင်းကင် ဘုံမှ ဆင်းသက်လာသည်ကို ငါမြင်၏(ဗျာဒိတ်၂၁:၂) သင်၏ အသက်တာ၌ ဆန္ဒပြင်းပြမှုရှိပါသလား? သခင် ယေရှုကသတို့သမီးထံသို့ကြွမြန်းလာမည့်အချိန်အတွက် ဆက်ကပ်သော အသင်းတော်ကိုကော သင် တွေ့မြင်ပါ သလား။

သတို့သမီး ပြင်ဆင်ခြင်း

ယခုလ အတွင်းကျွန်ုပ် ဆုတောင်းခဲ့စဉ်က သတို့ သားကို စောင့်စားလျှက် ရပ်နေသော သတို့သမီး၏ ပုံရိပ် ကို စိတ်ထဲမှမြင်ယောင်ခဲ့ပါသည်။ သို့သော် ဆက်လက် ပြီးစိတ်ထဲမှရိုးစင်းသောအခြေအနေ တစ်ခုကိုဆင်ခြင်မိ ပါသည်။ ထိုအရာမှာသတို့ သမီးကပြင်ဆင်မှု မရှိသေး သည့်အချက်ပင်ဖြစ်ပါသည်။ဤရိုးစင်းသော အခြေအနေ တစ်ခုက ကျွန်ုပ်ကိုသတိ ပေးပြီးခွန်အားပေးခဲ့ပါသည်။ အသင်းတော်ဖြစ်သည့် သတို့သမီးကပြင်ဆင်မှုဖြင့်စောင့်စားလျှက်ရှိ မနေသေး ပါ။ သူမက လုပ်ငန်း ဆောင်တာများစွာဖြင့် အလုပ် ရှုပ်ပြီးချစ်ခင်သူအတွက် ပြင်ဆင်မှုအနည်းငယ်သာ လုပ် ဆောင်ပါသေးသည်။ ခွန်အားပေးလိုသည့်အချက်မှာ သတို့သမီး၏ပြင်ဆင် ရမည့်အချိန်ကယခုပင်ရောက်ရှိ နေပြီဖြစ်သည်။ အသင်းတော်ကလည်းဆုတောင်း သော အိမ်တော်ဖြစ်ရမည့် အချိန်ကရောက်ရှိနေပြီဖြစ်ပါသည်။

ထို့ကြောင့်သတို့ သားအတွက်ပြင်ဆင်သောသတို့ သမီးဖြစ်လာဖို့ရန်အသင်းတော်ကဒုးထောက်ရမည့်အချိန်ပင်ဖြစ်ပါသည်။

ဝိညာဉ်တော်နှင့်သတို့သမီးက လာပါဟုပြောဆိုကြပါသည် (ဗျာဒိတ် ၂၂ :၁၇)

ဆက်ကပ်ခြင်းအသက်တာ

(Dedication)

By F. B. Meyer (1847 – 1929)

ကျွန်ုပ်၏အသက်တာ၌ စင်ကြယ်ခြင်းကိုလုံးဝ စောင့်ထိန်းလိုပါသည်။ စင်ကြယ်ပြီးအညစ်အကြေးနှင့် ကင်းစင်စေတော်မူပါ စင်ကြယ်သောပုံသဏ္ဌာန်သည် ကျွန်ုပ်၌ရှိပါစေ အို ဘုရားသခင်သိုးသူငယ်၏ နှိမ့်ချခြင်းကို ကျွန်ုပ်အထဲ၌ စီးဆင်းစေပါအို ကျွန်ုပ်မြတ်နိုးသောသူ ကျွန်ုပ်၌ရှိသောမနှစ်မြို့ဖွယ်ရာတောက်လောင်မှု အားလုံးကကြင်နာသိမ်မွေ့ခြင်းအောက်သို့စီးဆင်းပါစေ ကျက်သရေမရှိသော အရေးမပါသည့်အစွန်းအထင်းများနှင့် ကျွန်ုပ်ကိုမထိတွေ့အောင်လုပ်ဆောင်ပေးပါ ထိတွေ့မခံသည့် ပုံသဏ္ဌာန်ဆောင်သောအကြံပြုချက်အားလုံးကို သခင်၏ အရိပ်အာဝါသထဲ၌ကျွန်ုပ်က ရှာဖွေတွေ့ရှိပါရစေ။

ကျွန်ုပ် ၏အသက်တာတွင် ကောင်ကြီး တစ်ခုကို ပြုပါစေ မှောင်မိုက်သောနေ့ရက်တွင် အလင်းတန်းဖြစ်ပါစေ မျှော်လင့်ရာမဲ့ပြီး ဝမ်းနဲပူဆွေးသော နေ့ရက်များတွင်ခွန်အားပေးတော်မူပါ နာကျင်စွာခံစားသော အချိန်တွင်ကြင်နာစွာဖြင့်နှစ်သိမ့်တော်မူပါ ကျွန်ုပ်ကိုယ်တိုင်၏ ရှေ့တွင်ခြားနားမှုများကို အမြဲဆင်ခြင် စဉ်းစားပေးတော်မူပါ ကျွန်ုပ်၏ ဝမ်းနဲခြင်းများနှင့် စိတ်သဘောထားများကို အပြစ်မဖြစ်ပါစေနှင့် ကျွန်ုပ်၏မျက်နှာကို ဆေးကြော လျှက်ဦးခေါင်းကိုဘိတ်သိတ် ကာ ကျွန်ုပ်၏ ဝမ်းနဲ့မှု အားလုံးကို သခင့်ထံအပ်နှံပါရစေ မိမိ ကိုယ်ကို တည်ငြိမ်သောစိတ်နှလုံးတစ်ခုနှင့် ဂရုဏာတရားဖြင့် ချမ်းမြေ့စေပါ ကျွန်ုပ်၏ သက်တာတွင် သန့်ရှင်းသော နှုတ်ကပတ်တော်နှင့်ဆုတောင်းခြင်းကိုလျစ်လျူ ရှုနိုင်သောကြောင့်တပည့်တော်တစ်ဦးကဲ့သို့မနက် တိုင်းတွင်နှိုးတော်မူပါ။ ကိုယ်တော်၏အသံကိုကြားနိုင်သော အစွမ်းကိုပေးသနားတော်မူပါ မနက်စောစော ကိုယ်တော်၏ နှုတ်ကပတ်တော်နှင့် ပြည့်ဝစေတော်မူပါ နေ့ရက်တိုင်း၌ကိုယ်တော်နှင့်မိတ်သဟာရပြုခြင်းကိုပြုစေတော်မူပါ ကိုယ်တော်နှင့်စကားပြောသော အချိန်မရသောအချိန် ကာလများ၌ ကိုယ်တော်၏ မျက်နှာတော်ကိုမျှော်ကြည့်ပါရစေကျွန်ုပ်နှင့်နီးတော်မူပါ ကိုယ်တော်၏ နောက်ကို လိုက်ပါမည်။

အဝေးတစ်နေရာမှ ကိုယ်တော်ခေါ်မည့်အချိန် တစ်ခုကိုသာ ကျွန်ုပ်စောင့်စားပါရစေ တာဝန်ဝတ္တရားတစ်ခုအနေဖြင့် နေ့စဉ်ခေါ်ဆိုနိုင်သည့်အခွင့်အရေးအားကျွန်ုပ်ကိုပေးကာစိတ်ထက်သန်သော ကိုယ်တော်၏ အစေခံဖြစ်စေတော်မူပါ အလုပ်တစ်ခုကို ဝန်တစ်ခုကဲ့သို့မထမ်းဘဲလုပ်ဆောင်စေတော်မူပါ တိုးတက်မှုကို ရယူဖို့ရန်မဟုတ်ဘဲ ကိုယ်တော်ကို ကျေနပ်စေသောသူဖြစ်စေတော်မူပါကျွန်ုပ်အသက်တာက ပတ်ဝန်းကျင်ရှိ လူတွေအတွက် ကျေနပ်ဖို့ရန် လုပ်ဆောင်ခြင်းမဟုတ်ဘဲ စိတ်နှလုံး၌ ကိုယ်တော်ကိုကြောက်ရွံ့ကာ ကိုယ်တော်ပေးမည့်ဆုလာဒ်ကိုမျှော်ကြည့်ရင်းအလိုတော်အတိုင်းလုပ်ဆောင်သောသူဖြစ်စေမူပါ(၁ကေား၃ ၁)

ကိုယ်တော်ပေးသောဌေကြေးများကို ကိုယ်ပိုင်အကျိုးအတွက်အသုံးမပြုပါ အနာဂတ်ကိုကြည့်ပြီး စုဆောင်းသိုဝှက်၍ မသိမ်းဆည်းပါ ကိုယ်တော်၏ကျွန်

ရင်းသာဖြစ်လိုပါ၏ ကိုယ့်ကိုကိုယ်စီစစ်ပြီး ကိုယ်တော်၏ဘဏ္ဍာထိန်းကဲ့သို့ ကိုယ်တော်၏ အလိုတော်အတိုင်း ကျွန်ုပ်၌ရှိသောအရာများကိုအသုံးပြုပါမည်။ ကျွန်ုပ်အသက်တာ၌ရှိသော အခွင့်အရေးနှင့် အချိန်အားလုံးကို ရိုသေလေးမြတ်စွာဖြင့် ကောင်းမွန်စွာအသုံးပြုလိုပါသည်။အချိန်ကိုရွေးပြီးအခွင့်အရေးတစ်ခုခြင်း စီကိုရယူပါမည်။ ကျွန်ုပ်၏ ခန္ဓာကိုယ်ကိုလည်းဝိညာဉ်တော်ကိန်းဝပ်သည့် သန့်ရှင်းသော ဗိဇ္ဇာန်တော် အဖြစ်ထိန်းသိမ်းပါမည်။ ပျော်ပွဲရွှင်ပွဲအစားအသောက် သဘာဝ ရှုခင်း၌ ခရီးသွားလည်ပတ်ခြင်းနှင့်ဝါသနာပါသော အလုပ်ထက်ကိုယ်တော်အလိုတော်ကို သာအစေခံလိုပါသည်။

ကျွန်ုပ်အားပေးအပ်သောဆုကျေးဇူး ပါရမီကို ပြသတော်မူပါတခု နှစ်ခုမှဆယ်ခုအထိတိုင်လုပ်ဆောင် နိုင်ဖို့ရန်ပံ့ပိုးတော်မူပါ (မသဲ ၂၅;၃၀)

ကျွန်ုပ်ကိုယခုပင်ကောင်းကြီးပေး သနားတော်မူပါ ဘုရားကျွန်ုပ်သည်ကိုယ်တော်အတွက်ဖြစ်ပါသည်။ ကမ္ဘာမတည်မီကထဲ က ကိုယ်တော်၏ ခမည်းတော်ကကျွန်ုပ်ကိုကိုယ်တော့်ထံသို့အပ်နှင်းပြီး သားဖြစ်ပါသည်။ ကိုယ်တော်က ကိုယ်တော်အသွေးတော်ဖြင့် ကျွန်ုပ်ကို ရွေးချယ်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်အထဲတွင်ကိုယ်တော်က သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ကောင်းသောအလုပ်ကို စတင်ခဲ့ပြီးဖြစ်ပါသည်။

ယခုတွင် ကိုယ်တော်၏နှလုံးသားထဲ၌ သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် တံဆိပ်ခပ်ကာ လန်းဆန်းစွာဖြင့် ထားရှိ ပါပြီ သူ၏လမ်းပြခြင်း နှစ်သိမ့်ခြင်းနှင့် သန့်ရှင်းခြင်းသည် ကျွန်ုပ်တွင် ရှိပါစေ ဆုတောင်းခြင်းကို ကျွန်ုပ်အားတင်ပြတော်မူပါ ကျွန်ုပ်စိတ်နှလုံးကို ဖွင့်ကာကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်း တန်ခိုးတော်ကိုသိကျွမ်းစေမူပါ။ကိုယ်တော်အားချီဆောင်သောအရပ်သို့ ကျွန်ုပ်၏ စိတ်နှလုံးကို ချီဆောင်တော်မူပါအဆုံးမရှိသော ကိုယ်တော်ခမည်းတော် သန့်ရှင်းသော ဝိညာဉ်တော်ဘုရားတစ်ဆူနှင့် ထာဝရ နေထိုင်ခြင်းကို တည်တံ့စေတော်မူပါ။ -အာမင်

ကျေးဇူးတင်စကား

ပြန်လည် ကြွလာခြင်း သတင်းစာစောင်ကို ပြည်လည်ထုတ်ဝေနိုင်သောကြောင့် ကျေးဇူးတောကို ချီးမွမ်းပါသည်။ ယခုအချိန်ကာလသည် အလွန် ဆိုးယုတ်သော အချိန်ကာလဖြစ်နေပြီဆိုတာ ဘယ်သူမှ ငြင်းပယ်လို့မရပါ။ သခင်ခရစ်တော် ပြန်လည်ကြွာလာခြင်းအချိန်နီးနေပါပြီး။ အသင်းတော်၊ ယုံကြည်သူ ဘုရားသား၊ သမီးများသည် သခင်ခရစ်တော်အတွက် သတို့သမီးဖြစ်သည်။ ထို့ကြောင့် သခင်ခရစ်တော်နှင့် အလွန်မင်္ဂလာရှိသော မင်္ဂလာဆောင်ပွဲကို ကျင်းပနိုင်ဘို့ရန် ကျွန်တော်တို့အားလုံးပြင်ဆင်ဘို့ရန်လိုအပ်သည်။ အလွန်ပြင်ဆင်ကြရအောင်။ ဆက်သွယ်ရန်လိုက်စာ – **Rev.Run Lian, P.O.Box -1349, Yangon; Tel- 09 452112354;** Email–dts4christ@gmail.com